# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့** *ဖတ် စ ရာ*

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း**
ပြည်တွင်းသတင်း စာ ၆

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**မန္တလေးသင်္ကြန်ပွဲတော်တွင် ခေတ်(၄)ခေတ် ဝတ်စားဆင်ယင်မှုကို ပုံဖော်ရေကစားမည့် လမ်းလျှောက်သင်္ကြန် ပါဝင်မည်**
ပြည်တွင်းသတင်း စာ ၈

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၉၀ ကျော်ကို ကိုရီးယားသမ္မတနိုင်ငံသို့ ဧပြီ ၉ ရက်တွင် စေလွှတ်ခဲ့**
ပြည်တွင်းသတင်း စာ ၁၆

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**မွန်ပြည်နယ်အတွင်း အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်း ၈၉၇ ဝိုင်း၊ စာသင်သား ၁၃၄၅၀ ဖြင့် သင်ကြားလျက်ရှိ**
ပြည်တွင်းသတင်း စာ ၁၇




## ဆိပ်ကမ်းတိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ
## ထိုင်း၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံများသို့ မြန်မာနိုင်ငံမှ ပြောင်းဖူးစေ့ အဓိကတင်ပို့

**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ယနေ့တွင် MHM ဆိပ်ကမ်းမှ MV.MCL– 8 သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၇၀၀ နှင့် MHM ဆိပ်ကမ်းမှ MV. MCL– 7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တို့ကို ထိုင်းနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁



ယမန်နှစ်က အင်းလေး ရေပေါ်သင်္ကြန်ပွဲတော်ကို စည်ကားစွာ တွေ့ရစဉ်။

## အင်းလေး ရေပေါ်သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ညောင်ရွှေ ဧပြီ ၉**

အင်းလေးဒေသခရီးသွားလုပ်ငန်းမြှင့်တင်ရန်၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို တစ်မူထူးခြားစွာ ဆင်ယင်ကျင်းပရန်၊ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေနိုင်စေရန်အတွက် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း ၁၃၈၅ ခုနှစ် အင်းလေး ရေပေါ်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ရေပေါ်သင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ အင်းရေပြင်ပေါ်ရှိ ရေလယ်ဧည့်ခန်းမ(အင်းလယ်ဗိုလ်တဲ) ရေကစားမဏ္ဍပ်၌ နိုင်ငံကျော်အဆိုတော်များ၊ အနုပညာရှင်များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ အကအလှများ၊ တေးဂီတအဖွဲ့များ၏ တေးသံသာများ၊ သင်္ကြန်ယိမ်းအကအဖွဲ့များ၏ တင်ဆက်ဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံရုံးယာယီတာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (ယာပုံ)



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံရုံးယာယီတာဝန်ခံများ၊ အရာထမ်း၊ အမှုထမ်းများက ၎င်းတို့သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများနှင့် ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို ရှင်းလင်းတင်ပြကြသည်။

**မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံ၏ အားသာချက်၊ အားနည်းချက်များကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်သကဲ့သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကိုလည်း သိရှိထားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပြီး ပြောင်းလဲမှုအပေါ် မူတည်၍ လိုက်လျောညီထွေအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဝန်ထမ်းများအနေဖြင့် မိမိ၏ ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ သံတမန်တစ်ဦးအနေဖြင့် အနည်းဆုံးဘာသာစကား နှစ်မျိုး တတ်မြောက်ထားရမည်ဖြစ်ပြီး သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားကိုလည်း တတ်နိုင်သမျှ ကြိုးစားလေ့လာသင်ယူစေလိုကြောင်း၊ သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေး (Diplomatic Characteristic)များကို မြင့်မားအောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ သံတမန်တစ်ဦး၏ အရေးအကြီးဆုံးသော အရည်အသွေးသည် သစ္စာရှိမှု (Loyalty)ဖြစ်ကြောင်း၊ သံတမန်များအနေဖြင့် Communication Skill၊ Language Skill၊ Negotiation Skill အရည်အသွေးများကို အစဉ်လေ့ကျင့်၍ လေ့လာဆည်းပူးနေကြရန်နှင့် မြော်မြင်စဉ်းစားချင့်ချိန်နိုင်သည့် Strategic Thinking၊ သတ္တိနှင့် ယုံကြည်မှု (Courage and Confidence)တို့ ရှိရန်လည်း အရေးကြီးကြောင်း။

**သိရှိလိုက်နာဆောင်ရွက်**

သံတမန်များသည် ကြီးမားသောပြဿနာများကို အနည်းဆုံး အင်အားဖြင့် ရင်ဆိုင်ဖြေရှင်းကြရသူများဖြစ်သည့်အတွက် သတ္တိနှင့် ယုံကြည်မှုမရှိလျှင် အောင်မြင်မှုမရနိုင်ကြောင်း၊ မိမိ၏အပြုအမူ၊ အနေအထိုင်၊ အသွားအလာများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည့်အတွက် သိက္ခာ၊ သမာဓိရှိရန်နှင့် မိမိကိုယ်မိမိ ယုံကြည်မှုရှိမှသာ အခြားသံတမန်များကို ဆွဲဆောင်စည်းရုံးနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် လုပ်သင့်သည်ကို လုပ်ရန်နှင့် မလုပ်သင့်သည်ကို မလုပ်ရန် (Do and Don't) များကို သိရှိလိုက်နာ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရာထူးအဆင့်အပေါ်မူတည်ပြီး Duty and Function အတိုင်း တာဝန်ထမ်းဆောင်မည်ဖြစ်သော်လည်း Collective Effort ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သူတစ်ပါးအကျိုးကို ပျက်စီးစေပြီးမှ မိမိအကျိုးဖြစ်စေမည့်ကိစ္စရပ်များ မလုပ်မိစေရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်နှင့် ကျန်းမာရေးကို အထူးဂရုစိုက်ရန်လည်း မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# "ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမည့် ရေအရင်းအမြစ်စီမံမှုများ" စာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမည့် ရေအရင်းအမြစ် စီမံမှုများ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များနှင့် လေ့လာသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ စာတမ်းရှင်များနှင့် လေ့လာသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။




**ရေစီမံခန့်ခွဲမှုများကို ဂရုပြုဆောင်ရွက်**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာကဏ္ဍကို အခြေခံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးသီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် မြေယာကို အကျိုးရှိစွာအသုံးချနိုင်ရေး၊ ရေရရှိရေးနှင့် စနစ်တကျသုံးစွဲရေး၊ သီးနှံအမျိုးအစားအလိုက် ဒေသများနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုရေး၊ ဒေသအလိုက် လိုက်လျောညီထွေရှိမည့် ခေတ်မီနည်းပညာများသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိအောင် ဆောင်ရွက်နိုင်ရေးတို့ကို စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းသည် ရာသီဥတုအပေါ် များစွာတည်မှီနေသဖြင့် ယနေ့ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို သတိချပ်ကာ ရေစီမံခန့်ခွဲမှုများကို ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သော လယ်ယာကဏ္ဍဖော်ဆောင်နိုင်ရေးအတွက် Myanmar Climate-Smart Agriculture Strategy ကို ပြုစုထုတ်ပြန်ထားပြီးဖြစ်၍ သွေဖည်မှုမရှိစေဘဲ စီမံဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် အယ်လ်နီညို သက်ရောက်မှုများနှင့် လာနီညာ သက်ရောက်မှုများ ကြုံတွေ့ရလျက်ရှိရာ လယ်ယာစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျကြိုတင်စီမံဆောင်ရွက်နိုင်မှသာ နိုင်ငံနှင့် ဒေသခံ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းရာ ရောက်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေ ပေးဝေမှုကဏ္ဍများတွင်လည်း ရေအလေအလွင့်နည်းပါးစွာ စီမံဆောင်ရွက်၍ ရေအသုံးချသူ တောင်သူလယ်သမားများ ပါဝင်သည့် "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" အကောင်အထည်ဖော်မှုကဏ္ဍများကိုလည်း အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဌာနများတွင် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းကဏ္ဍတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်ဂျင်နီယာများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တတ်ကျွမ်းရမည့် နည်းပညာများကို လေ့လာသင်ယူ၍ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လက်တွေ့အသုံးချရန်ကိုလည်း တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် "ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေမည့် ရေအရင်းအမြစ် စီမံမှုများ" စာတမ်းဖတ်ပွဲကို ကျင်းပရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က စာတမ်းဖတ်ပွဲ၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

**စာတမ်း ၁၂ စောင် ဖတ်ကြားဆွေးနွေး**

ဆက်လက်၍ စာတမ်းဖတ်ပွဲကို ကျင်းပရာ ပထမနေ့တွင် စာတမ်း ၁၂ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြပြီး ယနေ့တွင် ဒုတိယနေ့အဖြစ် စာတမ်း ၁၂ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

နှစ်ရက်ကြာ ကျင်းပသည့် စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်အားပေးကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းစာတမ်းရှင်များက မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ဘူမိ၊ ဇလ၊ မြေအောက်ရေနှင့် အခြားဆက်စပ်ကဏ္ဍအသီးသီးမှ စာတမ်း ၂၄ စောင်ကို တင်သွင်းဖတ်ကြားကာ အဆိုပါစာတမ်းများနှင့် စာတမ်းဖတ်ပွဲတက်ရောက်လာကြသူများ၏ ဆွေးနွေးချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုနိုင်ရေး ဦးစီးဌာနအနေဖြင့် စနစ်တကျထည့်သွင်းစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❀ *ရွှေ့ဖုံးမှ*

ထို့အပြင် AWPT 1 ဆိပ်ကမ်းမှ MV. CONTRIVIA သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ AWPT 3 ဆိပ်ကမ်းမှ MV. ISEACO FORUTNE သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်း၊ နှမ်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို မလေးရှားနိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်သည်။

**ဆက်လက်တင်ပို့သွားမည်**

အလားတူ ဧပြီ ၁၀ ရက်တွင် SPW 6 ဆိပ်ကမ်းမှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၅၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON 4 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ MIP 2 ဆိပ်ကမ်းမှ MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL 20 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့ လည်းကောင်း၊ ဧပြီ ၁၅ ရက်တွင်လည်း YIGT ဆိပ်ကမ်းမှ MV. DDS MARINA သင်္ဘောဖြင့်ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများအားလုံး ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက်နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား - တောင်ညိုလမ်းမပေါ်ရှိ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဥယျာဉ်ရိပ်သာလမ်းဆုံဧရိယာအထိ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး**

နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်း ဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များနှင့် တိုင်းရင်းသားရိုးရာ ရေကစားမဏ္ဍပ်များ တည်ဆောက်နေမှု၊ မဏ္ဍပ်များအလိုက် စတုဒိသာကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်တို့တွင် ခေတ်မီအဆင့်အတန်းရှိစွာ လည်ပတ်အပန်းဖြေနိုင်ရန် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလျှောက်သင်္ကြန် ကျင်းပမည့်ဧရိယာအတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှု မရှိစေရေးကိုလည်း စီမံဆောင်ရွက်ထားရမည်ဖြစ်သကဲ့သို့ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပေးထားသည့် ကော်မတီအသီးသီးအနေဖြင့်လည်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အချိန်မီပြီးစီးစေရေး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

**K – POP အဆိုရှင်များက ပါဝင်သီဆိုဖျော်ဖြေသွားမည်**

ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဝန်ထမ်းများနှင့် ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်ကြီးကို ခမ်းနားစွာ တည်ဆောက်နေပြီးပြည်တွင်းမှ နိုင်ငံကျော်အနုပညာရှင်များစွာနှင့် ကိုရီးယားနိုင်ငံမှ K – POP အဆိုရှင်များက ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ကာ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ဉာဏသိဒ္ဓိမိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်ကြီးကို တည်ဆောက်၍ လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ဖျော်ဖြေရေးအစီအစဉ်များအပြင် စတုဒိသာ အကျွေးအမွေးများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ရုရှားနိုင်ငံမှ လူငယ်အနုပညာရှင်အဖွဲ့များက သီဆိုဖျော်ဖြေသွားမည်**

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်း၌ ရုရှား - မြန်မာချစ်ကြည်ရေးအသင်းမဏ္ဍပ်ကိုလည်း တည်ဆောက်လျက်ရှိပြီး ပြည်သူများ ပျော်ရွှင်စွာ ရေပက်ဖျန်း ပျော်ရွှင်နိုင်စေရန် ရေပန်းပိုက် ၄၀ ကျော် တပ်ဆင်ဆောင်ရွက်လျက်ရှိကာ အမြင့် ၆ ပေ၊ အလျား ပေ ၄၀ နှင့် အနံ ပေ ၂၀ ရှိ ဖျော်ဖြေရေးစင်မြင့် ဆောက်လုပ်လျက်ရှိကြောင်း ၊ အဆိုပါစင်မြင့်၌ ရုရှားနိုင်ငံမှ လူငယ်အနုပညာရှင်အဖွဲ့များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ အလားတူ တရုတ် - မြန်မာ - အိန္ဒိယချစ်ကြည်ရေးမဏ္ဍပ်ကို နိုင်ငံတကာ အဆင့်မီ ရေကစားမဏ္ဍပ်အဖြစ် တည်ဆောက်လျက်ရှိပြီး စတုဒိသာအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ပေါင်း ၂၆ ခု တည်ဆောက်လျက်ရှိပြီး တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်ဟူ၍ ပြည်သူများ ပျော်ရွှင်စွာ ရေပက်ဖျန်းလည်ပတ်နိုင်စေရန် အထူးအစီအစဉ်ကောင်းများဖြင့် ဆောင်ရွက်ထားရှိသည်။ ထို့ပြင် ပြည်သူများ နိုင်ငံတကာအဆင့် ခေတ်မီအဆင့်အတန်းရှိစွာ လမ်းလျှောက်သင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် Zone-1 နှင့် Zone-2 ဟူ၍ ခွဲခြားထားရှိကာ Zone-1 ၌ တိုင်းရင်းသား စတုဒိသာသင်္ကြန်ဟူ၍ စီစဉ်ထားရှိပြီး လာရောက်လည်ပတ်ကြသူများအား Zone -1 Main Entrance အဝင်တွင် စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများကို အခြေခံ၍ တိုင်းရင်းသားသင်္ကြန် ဖန်တီးရေကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမည့်အပြင် တိုင်းရင်းသားကိုယ်စားပြု Photo Booth များနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ လမ်းလျှောက်သင်္ကြန် Zone – 2 ၌ လူငယ်များနှင့် ကလေးငယ်များအတွက် လူငယ်သင်္ကြန်ဟူ၍ စီစဉ်ဆောင်ရွက်ထားရှိပြီး မိသားစုများ၊ ကလေးငယ်များ၊ လူငယ်များအတွက် နိုင်ငံတကာအဆင့်မီ ရေလွှာလျှောများ၊ Foam Party များ၊ inflatable ကစားစရာ ရေကန်များ/ရေလွှာလျှောများဖြင့် ပြင်ဆင်ထည့်သွင်း ဆောင်ရွက်လျက်ရှိကာ လူငယ်များ နှစ်သက်ပျော်ရွှင်ဖွယ်ရာဖြစ်စေရန်အတွက်လည်း DJ Perfor–mance များဖြင့် ကပြဖျော်ဖြေ၍ နေပြည်တော်လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး MSMEs ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူးဖွင့်လှစ်သည့် ကြိမ်၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

**ပဲခူး ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး MSMEs ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူးဖွင့်လှစ်သည့် ကြိမ်၊ ဝါး အခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဧပြီ ၉ ရက် နံနက်က ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းပြည် သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် **“တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်မြှင့်တင်ရေး”** အဓိကကျပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတွင်းကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရေးနှင့် ဒေသထွက်ကုန်များ ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်ရေးတို့ကို အဓိကထား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသူ သင်တန်းသားများ အနေဖြင့် သင်ကြားရရှိခဲ့သည့် အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ကို ကိုယ်တိုင်ဆန်းသစ်တီထွင် ဖန်တီးနိုင်မှုတို့ဖြင့် ပေါင်းစပ်၍ မိမိတို့၏ ထုတ်ကုန်များကို ဒေသတွင်းသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်ကြရန် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး (ဝဲပုံ) စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ လက်မှုကြိမ်၊ ဝါးထည်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ကြိမ်၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒိုက်ဦးမြို့နယ်တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ပဲခူးမြို့တွင် မတ် ၂၆ ရက်မှ ဧပြီ ၈ ရက် အထိ သင်တန်းသား သင်တန်းသူ ၂၀ ကို ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ပဲခူးမြို့နယ်စာဖြေဌာနရှိ ပထမကြီးတန်း ဖြေဆိုတော်မူကြမည့် စာဖြေသံဃာ၊ သီလရှင်များနှင့် ကြီးကြပ်ရေး ဆရာတော် ၁၈၂ ပါးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၉**

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင် (အီးအီးစီ) တို့အကြား ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ကလာဘူကော့ဗ် ပါဗယ်လ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် က ဥရောပအာရှစီးပွားရေးကော်မရှင်၏ ပေါင်းစည်းရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် နည်းပညာ၊ စီးပွားရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာရှုထောင့်များမှ မဟာဥရောပအာရှ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ကုမ္ပဏီများအကြောင်းကို မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ကျင်းပသည်။ အစည်းအဝေးသို့ ဥရောပအာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်နှင့် ကိုယ်စားလှယ်အဖွဲ့က လူကိုယ်တိုင်တက်ရောက်ခဲ့ပြီး ဥရောပအာရှ စီးပွားရေးကော်မရှင်၊ စိုက်ပျိုးရေးဆိုင်ရာမူဝါဒဌာန၊ စက်မှုရေးရာမူဝါဒဌာန၊ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဌာန၊ စွမ်းအင်ကုန်သွယ်ရေးဖွံ့ဖြိုးမှုဌာန၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုဌာန၊ သတင်းအချက်အလက်နည်းပညာဌာနနှင့် စီးပွားရေးကောင်စီတို့မှ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

**အဖွင့်အမှာစကား ပြောကြား**

ပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မစ္စတာ ဆာဂေး ဂလေးဇီးယပ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေး ပူးပေါင်းမှုများကို ဖော်ထုတ်သတ်မှတ်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း။

**စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ**

ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းမှု အခက်အခဲများကို ပေါင်းစည်းညီညွတ်မှုနှင့် ဆက်သွယ်ချိတ်ဆက်မှုတို့ဖြင့် ရင်ဆိုင်ကျော်လွှား၍ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (အီးအေအီးယူ) အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနေပြီဖြစ်သည့်အတွက် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ယခုကဲ့သို့ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အစည်းအဝေးတွင် ကဏ္ဍအလိုက် အပြန်အလှန်ဆွေးနွေးမှုများသည် အီးအေအီးယူ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ရုံသာမက စီးပွားရေးအဆက်အသွယ်ကောင်းများ ထူထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများလည်း တိုးတက်ရရှိလာမည်ဟု ယုံကြည်ကြောင်း၊ အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သံနှင့်သံမဏိ၊ တန်ဖိုးမြင့်စားသောက်ကုန်များ၊ လျှပ်စစ်ကားနှင့် အခြားထုတ်လုပ်မှုများကို အဓိက ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်၍ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အီးအေအီးယူ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပိုမိုအားကောင်းလာစေရန် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်**

ယင်းနောက် မစ္စတာ ဆာဂေး ဂလေးဇီးယပ်က ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး တစ်နှစ်ကျော်အတွင်း အပြုသဘောဆောင်သော အပြန်အလှန်ဆက်ဆံရေးများ ရရှိခဲ့ကြောင်း၊ ယနေ့ ကျင်းပသည့် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသည် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာတွင်ပါရှိသော ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် အပြုသဘောဆောင်သည့် လမ်းကြောင်းများ ပေါ်ထွက်လာသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးကျွမ်းကျင်သူများနှင့် လုပ်ငန်းရှင်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ဘဏ္ဍာရေးနှင့် ငွေပေးချေမှု ပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ပို့ဆောင်ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ပူးပေါင်းဆောင်ရွက်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် တစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌများက ပထမအကြိမ်အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပမည့်နေ့ရက်နှင့် နေရာတို့ကို အတည်ပြုသည်။

အဆိုပါအစည်းအဝေးသို့ ကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ ဥရောပအာရှစီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂမှ စီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော် တက်ရောက်သည်။

**သတင်းစဉ်**

## ဖျာပုံခရိုင်၏ ၂၀၂၄ - ၂၀၂၅ ဒေသန္တရစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးစီမံကိန်း တာဝန်ပေးအပ်

**ဖျာပုံ ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် လေးမြို့နယ်အတွင်း ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်(ဧပြီလမှ မတ်လအထိ) အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ခရိုင်ထွေ/အုပ်ရုံး၌ ကျင်းပသည်။

အဆိုပါ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတာဝန် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး စီမံကိန်းတာဝန်ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ဖျာပုံခရိုင်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရ စီမံကိန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့်မြို့နယ် လေးမြို့နယ်မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို စီမံကိန်းတာဝန်များ ပေးအပ်သည်။ **(ယာပုံ) ခရိုင်(ပြန်/ဆက်)**



## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဧပြီ ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

THE SUPREME COURT OF THE UNION

သတင်းထုတ်ပြန်ချက်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို (အင်္ဂလိပ်/မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံး နှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု၊ ၂၀၂၃ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် မဟာဗျူဟာစီမံကိန်း ပထမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၃) အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ဒုတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၄) တွင် ဆောင်ရွက်ရန် လျာထားချက်များဟူ၍ အပိုင်း (၄) ပိုင်းခွဲခြား၍လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့်လည်းကောင်း ပြုစုထားပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာ ပြုစုရေး လုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးအခမ်းအနား တက်ရောက်ဟောပြော

နေပြည်တော် မေ ၉

**ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ တက်ရောက်ကြသည်။**



**မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ပြဋ္ဌာန်းခြင်းမဟုတ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်အလို့ငှာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် (၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၄) ဖြင့် အာဏာတည်သည့်ရက်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ပြဋ္ဌာန်းခြင်းမျိုးမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအများအပြား၌ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ကင်းလွတ်ခွင့်ရရှိသူများ၊ ယာယီရွှေ့ဆိုင်းခွင့်ရှိသူများ၊ စစ်မှုထမ်းဆောင်ရမည့် အသက်အပိုင်းအခြားများ၊ စစ်မှုထမ်းကာလ၊ စစ်မှုထမ်းကာလအတွင်း အကျိုးခံစားခွင့်တို့ကို ဝန်ထမ်းများသိရှိရန် ရှင်းလင်းချပြသွားမည်ဖြစ်ပါကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများနှင့် အဖျက်အမှောင့် မီဒီယာများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြနေသည့်အတွက် ဝန်ထမ်းများအနေဖြင့် အယုံမလွယ်စေရေး ဥပဒေပါအချက်အလက်များ၊ ပြဋ္ဌာန်းချက်များကို မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ သိရှိရန်လိုအပ်ပါကြောင်း။

**စစ်မှုထမ်းဥပဒေလက်ဆင့်ကမ်းမျှဝေ**

ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေကို နည်းအမျိုးမျိုးဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေပြီး နှောင့်ယှက်ဆောင်ရွက်ခြင်းများရှိသည့်အတွက် မိသားစုဝင်များအနေဖြင့် စိုးရိမ်ပူပန်မှုများ ရှိနိုင်ပါကြောင်း၊ စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ကင်းလွတ်ခွင့်ပြုသူများ၊ ရွှေ့ဆိုင်းခွင့်ပြုနိုင်သူများ၊ လျှော့ပေါ့ခွင့်ပြုနိုင်သူများ၏ စည်းကမ်းသတ်မှတ်ချက် နောက်ဆုံးအခြေအနေကို ပြည်သူများသိရှိအောင် သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရသကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကိုလည်း လိုက်နာရန် လိုအပ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများ သိရှိလိုက်နာနိုင်ရေးအတွက် စစ်မှုထမ်းဥပဒေပါ ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များကို လက်ဆင့်ကမ်းမျှဝေပေးခြင်းဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပြောကြားသည့်အခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၉**



နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာများကို သိရှိနားလည်စေရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာ သံတမန်များအား စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သော သတင်းအမှန်များကို မျှဝေပေးနိုင်စေရန်၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သတင်းအမှားများကြောင့် ပြည်သူများအကြား ဖြစ်ပေါ်လျက်ရှိသော စိုးရိမ်စိတ်များကို လျော့ကျစေရေး ထပ်ဆင့်ရှင်းလင်းနိုင်စေရန် ရည်ရွယ်၍ သိကောင်းစရာများ ရှင်းလင်းပြောကြားသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ သံအမတ်ကြီး ဦးမောင်မောင်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် အချက်အလက်များ၊ ဥပဒေအရ ယာယီရွှေ့ဆိုင်းပေးထားမည့်သူများ၊ လက်ရှိအခြေအနေတွင် အမျိုးသမီးများကို ပြည်သူ့စစ်မှုထမ်းခေါ်ယူရန် မရှိသေးကြောင်း သတင်းထုတ်ပြန်ထားမှု၊ အမျိုးသားရေးတာဝန်ကို ပြည်သူများက ထမ်းရွက်ရမည့် သမိုင်းပေးတာဝန်အဖြစ် မှတ်ယူ၍ ဆောင်ရွက်သွားရေး စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယအမြဲတမ်းအတွင်းဝန်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နည်းဥပဒေရေးဆွဲနေမှု အခြေအနေ၊ အရှေ့တောင်အာရှ နိုင်ငံများနှင့် ပြည်ပနိုင်ငံများတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေကျင့်သုံးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိသည်။

**သတင်းစဉ်**

# ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

**စစ်ကိုင်း မေ ၉**

စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းရုံးကကြီးမှူး၍ လူမှုဝန်ထမ်းရုံးအောက်ရှိ မျက်မမြင်ကျောင်း (စစ်ကိုင်း)၊ မူလတန်းကြိုကျောင်း (စစ်ကိုင်း) တို့မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်းပွဲကို မေ ၉ ရက် နံနက် ၁၀ နာရီခွဲက မျက်မမြင်ကျောင်း (စစ်ကိုင်း) ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် စစ်ကိုင်းခရိုင် လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများကြောင့် ပြည်သူများ ထင်ယောင်ထင်မှား မဖြစ်စေရန် မိမိတို့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ဒေသအတွင်းရှိ ပြည်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် စနစ်တကျ အသိပေးရှင်းလင်းပေးသွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက "စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ"၊ "ပြည်သူ့စစ်မှုထမ်းရန်ကာလ"၊ "ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စုံးစမ်းမေးမြန်းနိုင်ကြောင်း"၊ "အမျိုးသားရေးတာဝန်"၊ "စိုးရိမ်ရန်မလိုသည့် အချက်များ"၊ "ပြည်သူ့စစ်မှုထမ်းဥပဒေ ရည်ရွယ်ချက်"၊ "ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ"၊ "ဘာကြောင့် ပြည်သူ့ စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ"၊ "ကင်းလွတ်ခွင့်၊ လျော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များ" စသည်တို့ကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေသိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**ဇော်မြင့်နိုင်**

# ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၉**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနှင့်ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။






**ဒေသဖွံ့ဖြိုးရေးတွက်ချက်နိုင်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေး အကြောင်းအရာများကို တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေဒေသတစ်ခုအတွင်း၌ရှိသည့်လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းကြောင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်လုံသော အခြေခံစာရင်းအင်းကိန်းဂဏန်းများရရှိစေခြင်း၊ နောင်လာမည့်နှစ်များအတွက် စီမံကိန်းများ ရေးဆွဲရာတွင် ပိုမိုတိကျမှုရှိစေရန် ခိုင်လုံသော ခန့်မှန်းလူဦးရေများ တွက်ချက်ပေးနိုင်ခြင်း၊ ယခင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများနှင့် ယခုကောက်ယူခဲ့သည့် သန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များကို နှိုင်းယှဉ်ဆန်းစစ်လေ့လာနိုင်ခြင်း၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားနမူနာကောက်စစ်တမ်းများအတွက် အခြေခံစာရင်းအင်းများရရှိနိုင်ခြင်း၊ မဲဆန္ဒရှင်စာရင်း ခန့်မှန်းရရှိနိုင်ခြင်း၊ လူဦးရေ ပျံ့နှံ့မှုနှင့် နိုင်ငံသား၊ နိုင်ငံခြားသားစိစစ်ခြင်းလုပ်ငန်းများ၊ နိုင်ငံတကာ လူဦးရေစာရင်းများတွင် မှန်ကန်စွာ နှိုင်းယှဉ်နိုင်ခြင်း၊ နိုင်ငံတော်၏ လူဦးရေ မူဝါဒရေးဆွဲရေးတွင် အထောက်အကူပြုနိုင်ခြင်း၊ သက်ဆိုင်ရာ ဒေသအလိုက် လိုအပ်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တွက်ချက်နိုင်ခြင်းစသည်တို့ကို အကျိုးရှိရှိ အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူလေ့ရှိပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်ပြီးနောက် ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို စီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလများတွင် မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၊ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ပြည်တွင်း/ပြည်ပသို့ ရွှေ့ပြောင်းသွားလာမှုများရှိသည့်အတွက် လူဦးရေဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များ မလွဲမသွေဖြစ်ပေါ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုပြီး လိုအပ်သည့် မူဝါဒ၊ စီမံကိန်းများ ချမှတ်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

**ကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့်ရှိမည်**

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု စသည်တို့ကို အခြေခံ၍ ၂၀၂၄ ခုနှစ်တွင် ရှိလာမည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု အရေအတွက် ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ထားပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြေပြင်ကွင်းဆင်းရေးဆွဲမှုအရ သန်းခေါင်စာရင်းယူနစ် (Census Unit) ၈၀၀၀၀ ခန့်ရှိပြီး စာရင်းကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၄၂၀၀၀ ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန်လျာထားပြီး နေပြည်တော်ကောင်စီအနေဖြင့် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၁၀၉၄ ဦး ခန့်ထားဆောင်ရွက်ရန် လျာထားပါကြောင်း၊ စာရင်းကောက်ယူရာတွင် တွေ့ရှိရာအရပ်၌ ကောက်ယူသည့်မှု (De Facto) ဖြင့် အသုံးပြုမည်ဖြစ်ပြီး စာရင်းကောက်များက Tablet များ အသုံးပြု၍ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့်စနစ် (Computer Assisted Personal Interviews-CAPI) ဖြင့် ကောက်ယူဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ဖြစ်ပြီး အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် Tablet များအသုံးပြု၍ CAPI စနစ်ဖြင့် ကောက်ယူသည့်အတွက် မေးမြန်းကောက်ယူထားသည့် အချက်အလက်များအား အချိန်တိုအတွင်း နေပြည်တော်ရုံးချုပ်ရှိ Server သို့ ပေးပို့နိုင်ပြီး အားလုံးကောက်ယူပြီးစီးသည်နှင့် လူဦးရေဆိုင်ရာ အချက်အလက်များကို အမြန်ဆုံးထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းအတွက် စာရင်းစစ်၊ စာရင်းကောက်နည်းပြသင်တန်းနှင့် ဆင့်ပွားသင်တန်းအဆင့်ဆင့်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဗဟိုအဆင့်နည်းပြသင်တန်းကို နေပြည်တော်တွင် လည်းကောင်း၊ အထူးနည်းပြသင်တန်းကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လည်းကောင်း၊ ခရိုင်နည်းပြသင်တန်းကို ခရိုင်အဆင့် ၁၂၆ နေရာတွင်လည်းကောင်း၊ စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို မြို့နယ်အဆင့်နေရာ ၉၀၀ ခန့်တို့တွင်လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ကြိုတင်ပြင်ဆင်ခြင်းဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုး က လူဦးရေ၏ အခန်းကဏ္ဍ၊ သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိနိုင်မည့် အချက်အလက်များ၊ လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ သန်းခေါင်စာရင်းအချက်အလက်များမှ ဖော်ထုတ်ချက် အကျဉ်းချုပ်တို့ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ နေပြည်တော်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဆွေက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားသံဃာ့ဆေးရုံ ကျောက်ကပ်ဌာနသို့ အလှူရှင် ၁၀၀ ကျော်က မတ်လအတွင်း စုစုပေါင်း အလှူငွေကျပ်သိန်း ၁၉၀ ကျော် လှူဒါန်းပေးခဲ့

**ရန်ကုန် မေ ၉**

ပျဉ်းမနားသံဃာ့ဆေးရုံ ကျောက်ကပ်ဌာနသို့ အလှူရှင် ၁၀၀ ကျော်က မတ်လအတွင်း စုစုပေါင်း အလှူငွေကျပ်သိန်း ၁၉၀ ကျော် လှူဒါန်းပေးခဲ့ကြောင်း ပင်းတယ မီးအိမ်ရှင်ဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့် ဆရာဝန်ကြီး ဒေါက်တာ သန်းမင်းထွဋ်က ၎င်း၏ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ် စာမျက်နှာမှတစ်ဆင့် အသိပေးထားသည်။

ထိုသို့ လှူဒါန်းရာတွင် အလှူရှင် ၁၀၉ ဦးက အလှူငွေကျပ် ၁၉၈၁၈၀၀၀ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကာ ၂၀၂၄ ခုနှစ် မတ်လအတွင်း ပျဉ်းမနား သံဃာ့ဆေးရုံ ကျောက်ကပ်ဌာနအနေဖြင့် လူနာပေါင်း ၉၂ ဦးကို အကြိမ်ပေါင်း ၅၇၇ ကြိမ်တိုင် ကျောက်ကပ်ဆေးပေးနိုင်ခဲ့ပြီး ယင်းကဲ့သို့ ဆေးပေးခဲ့သည့်လူနာများထဲမှ အချို့တဲ့ဆုံးလူနာများကို အလှူငွေရရှိမှု အခြေအနေပေါ်မူတည်ပြီး အခမဲ့ ကျောက်ကပ်ဆေးနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း ၎င်း၏ ရေးသားထားချက်အရ သိရသည်။



ပျဉ်းမနားသံဃာ့ဆေးရုံတွင် တက်ရောက်ကုသနေသော ကျောက်ကပ်ရောဂါဝေဒနာရှင်များ။ (Photo-Than Min Htut)

ကျောက်ကပ်ဆေး လူနာတစ်ဦးအနေဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်လတွင် ရှစ်ကြိမ် ကျောက်ကပ်ဆေးရ၍ တစ်ပတ်လျှင် ကျပ်တစ်သိန်းတစ်သောင်းဖြင့် တစ်လတွင် ကျပ်လေးသိန်းလေးသောင်း လစဉ်၊ လစဉ် ကုန်ကျနေခြင်းဖြစ်ကြောင်းလည်း ၎င်းက ရေးသားထားသည်။

"ကျောက်ကပ်ဆေး လူနာတစ်ယောက်အနေနဲ့ တစ်ပတ်ကို နှစ်ကြိမ် ကျောက်ကပ်ဆေးရပါတယ်။ တစ်လကို ရှစ်ကြိမ်ပါ။ တစ်ကြိမ် ကျောက်ကပ်ဆေးရင် ဆေးဖိုးချည်း ကျပ် ၅၅၀၀၀ ကျတာမို့ တစ်ပတ်ကို တစ်သိန်းတစ်သောင်း၊ တစ်လကို လေးသိန်းလေးသောင်း လစဉ် လစဉ် ကုန်ကျနေတာလည်း ဖြစ်ပါတယ်။ ဒီငွေပမာဏဟာ သာမန်လက်လုပ်လက်စားတွေ၊ ကျောင်းဆရာမလေးတွေ၊ ရုံးစာရေးတွေ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေ၊ အိုးဝေအငှားယာဉ်မောင်းတွေအတွက် လစဉ် မလွယ်ကူတဲ့ အပူမီးကြီးပါပဲ။ ဒီအပူကို ကူညီငြိမ်းသတ်ပေးတဲ့ အလှူရှင်တွေအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ၂၀၂၄ ခုနှစ် မတ်လမှာတော့ အလှူရှင် ၁၀၉ ဦးက အလှူငွေ ၁၉၈ သိန်းကျော် လှူဒါန်းပေးခဲ့ပါတယ်" ဟု ဒေါက်တာသန်းမင်းထွဋ်က ဆိုသည်။

ကျောက်ကပ်ဆေးလူနာဆိုသည်မှာ ကျောက်ကပ် အလုပ်မလုပ်တော့သည့် လူနာများဖြစ်ပြီး ကျောက်ကပ် အလုပ်မလုပ်တော့သည့်အတွက် ဆီးလည်း မထွက်တော့ကြောင်းနှင့် နှစ်ရက် သုံးရက်ခန့် ဆီးမထွက်လျှင် တစ်ကိုယ်လုံး ဖောရောင် အမောဖောက်လာကြောင်း သိရသည်။

**MT**

# သံတောင်ကြီးမြို့နယ်တွင် နွေရာသီအခြေခံ အားကစားသင်တန်းများဖွင့်

**သံတောင်ကြီး မေ ၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသူ ကျောင်းသားများ အချိန်ကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက သံတောင်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အားကစားရုံခန်းမ၌ မေ ၆ ရက်မှစတင်၍ အားကစားနည်း လေးမျိုးကို သင်တန်းဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါ အားကစားသင်တန်းတွင် ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင်၊ Fitness Dance စသည့် ကစားနည်းများကို သင်တန်းသား၊ သင်တန်းသူ ၅၀ ကို သင်တန်းနည်းပြ လေးဦးက သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နော်နော်မူ**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမကောလိပ်(ဖောင်ကြီး)၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမကောလိပ် (မန္တလေး)တို့မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမကောလိပ် (ဖောင်ကြီး)နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမကောလိပ် (မန္တလေး) နှင့် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ အုပ်ချုပ်သူ ငါးဦး၊ အဖွဲ့ဝင် ၉၆ ဦး၊ စုစုပေါင်း ၁၀၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာဆရာ ဆရာမများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဆရာ ဆရာမများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဆရာ ဆရာမများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (သတ္တမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၇၆၇၇ ပါး/ဦးအနက် ၆၆၀၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၅၂ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မန္တလေးသင်္ကြန်ပွဲတော်တွင် ခေတ်(၄)ခေတ် ဝတ်စားဆင်ယင်မှုကို ပုံဖော်ရေကစားမည့် လမ်းလျှောက်သင်္ကြန် ပါဝင်မည်

**မန္တလေး ဧပြီ ၉**

ယခုနှစ်တွင်ကျင်းပမည့် မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် ထူးခြားသည့် အစီအစဉ်အဖြစ် ခေတ် (၄) ခေတ်က ဝတ်စားဆင်ယင်မှုများကို ပုံဖော်ရေကစားမည့် လမ်းလျှောက်သင်္ကြန် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ကျုံးတောင်ဘက်ခြမ်း(၂၆ လမ်း၊ ၆၆ လမ်းမှ ၇၁ လမ်းကြားအထိ) တွင် စီစဉ်ထားရှိပြီး ယင်းနေရာ၌ ရေပက်ကစားနိုင်ရန် လောင်းလှေများ ချထားမည်ဖြစ်သည့်အပြင် ရေပန်းများဖြင့် ရေပက်ဖျန်းပေးရန်စီစဉ်ထားသည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်းတို့ခေတ်က ပဝါလေးခြုံပြီး နေကာမျက်မှန်နဲ့ ရေကစားမယ်။ ဝင်းဦး၊ ခင်သန်းနုတို့ရဲ့ မောင်တို့ချယ်ရီမြေခေတ်ကို ပုံဖော်တဲ့အနေနဲ့ အဲဒီခေတ်က ဝတ်စားဆင်ယင်မှုဒီဇိုင်းနဲ့ ဝတ်ဆင်ရေကစားမယ်။ ဇင်ဝိုင်း၊ မေသန်းနုတို့ရဲ့ သင်္ကြန်မိုးခေတ်မှာ ဆံပင်က ကျစ်ဆံမြီးလေးနဲ့က တစ်ခေတ်ပေါ့။ နောက်ဆုံးက ဒီနေ့ခေတ် ဝတ်စားဆင်ယင်မှုနဲ့ လမ်းလျှောက်သင်္ကြန်မှာ နေရာ လေးခုခွဲထားတယ်။ ခေတ်အလိုက် ဝတ်ဆင်ထားသူတွေနဲ့ ဓာတ်ပုံတွဲရိုက်တာ၊ ရေကစားတာတွေ လုပ်လို့ရတယ်" ဟု ၎င်းကပြောသည်။

လမ်းလျှောက်သင်္ကြန်ပြုလုပ်မည့် နေရာ၌ ပိတောက်ပန်းများ၊ မြန်မာ့ရိုးရာအရုပ်များ၊ ထီးများချိတ်ဆွဲခြင်း စသည်ဖြင့်လှပအောင် ပြင်ဆင်ထားရှိမည်ဖြစ်ကြောင်း၊ ယင်းနေရာ၌ ရေကစားရန် ဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ထန်းတပင်မြို့နယ်၌ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ထန်းတပင် ဧပြီ ၉**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဗဟိုရေကစားမဏ္ဍပ်တစ်ခုနှင့် အုန်းလက်ရေကစား မဏ္ဍပ်ငယ် ၅၉ ခုတို့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များနှင့် စတုဒိသာကျွေးမွေးမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ထို့အပြင် ရေကစားမဏ္ဍပ်တွင် လာရောက်ကာ ရေကစားကြသူများကိုလည်း စတုဒိသာများနှင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ပြီး နှစ်ဆန်း(၁)ရက်နေ့တွင်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ မြို့နယ်အတွင်း အန္တရာယ်ကင်း ပရိတ်တရားတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲများ၊ သက်ကြီးပူဇော်ပွဲများနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများကို ကျင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန(ဓာတ်တော်)တွင် သုတေသနလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီ ၆ ရက် မွန်းလွဲပိုင်း၌ ကျောက်ဆည်မြို့ရှိ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (ဓာတ်တော်) တွင် သုတေသနလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံ့ဖွံ့ဖြိုးရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မီအောင် လက်တွေ့ကျကျ အထောက်အပံ့ပြုနိုင်မည့် သုတေသနများကို အဓိကဆောင်ရွက်ရန်၊ သတ္တုရိုင်းသိုက်များမှ အဖိုးတန်သတ္တုများထုတ်လုပ်ခြင်းကဏ္ဍ ဖွံ့ဖြိုးနိုင်ရေး သတ္တုပါဝင်မှုမြှင့်တင်ပေးခြင်းနှင့် သတ္တုသန့်စင်ခြင်းလုပ်ငန်းများဆိုင်ရာ ခေတ်မီနည်းပညာများ အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းများ စံချိန်စံညွှန်းများပြည့်မီရန်နှင့် သုတေသနပညာရှင်များသည် အမြဲမပြတ်လေ့လာကာ အရည်အသွေးများ မြင့်မားအောင် ဆန်းစစ်မြှင့်တင်ရန်၊ တိုင်းကျိုးပြည်ပြု ဒြပ်ပစ္စည်းသုတေသနများဖြင့် ရှင်သန်သက်ဝင်ကာ မျိုးဆက်သစ်ရင်းမြစ်များ စဉ်ဆက်မပြတ်ထွန်းကားလာစေသော ဝန်းကျင်ကောင်းတစ်ခုဖြစ်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ကြွေထည်သုတေသနဌာနခွဲရှိ ကြွေထည်အမျိုးအစားသစ်များ ထုတ်လုပ်ခြင်း၊ ကြွေထည်ဂုဏ်သတ္တိများ စစ်ဆေးခြင်းနှင့် သတ္တုကွန်ပိုစစ်ပစ္စည်းများ ထုတ်လုပ်ခြင်း သုတေသနတို့ကိုလည်းကောင်း၊ ပေါ်လီမာသုတေသနဌာနခွဲရှိ ပေါ်လီမာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပေါ်လီမာများ၏ ဂုဏ်သတ္တိများကို စစ်ဆေးခြင်း သုတေသနတို့ကိုလည်းကောင်း၊ အီလက်ထရောနစ်နှင့် သံလိုက်ဒြပ်ပစ္စည်း သိပ္ပံသုတေသနဌာနခွဲရှိ EV သုံး လီသီယမ်ဘက်ထရီဆိုင်ရာ ဒြပ်ပေါင်းများ ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်စွန့်ပစ်ပစ္စည်းများမှ အဖိုးတန်သတ္တုများ ထုတ်လုပ်ခြင်း သုတေသနတို့ကိုလည်းကောင်း၊ ဗဟိုဓာတ်ခွဲဌာနခွဲရှိ သတ္တုရိုင်းသိုက်များ ဖွဲ့စည်းပါဝင်မှုများ စမ်းသပ်ခြင်း၊ သတ္တုများတွင် ပါဝင်သော ဒြပ်စင်များ၏ ပမာဏအား စစ်ဆေးခြင်းနှင့် ထုတ်လုပ်သတ္တုများရှိ သန့်စင်မှုပမာဏကို စစ်ဆေးခြင်း သုတေသနတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုထုတ်လုပ်ထားသော ဒြပ်ပစ္စည်းများကို နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ပိုင်စက်ရုံများတွင် အကျိုးရှိရှိ အသုံးပြုနိုင်ရေး သုတေသန ရလဒ်/နည်းပညာများကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးနိုင်ရေးကို ထိရောက်ပီပြင်စွာ ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာ အခက်အခဲတင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးလိပ်ဈေးနှုန်းမြင့်လေ၊ သုံးစွဲမှုလျော့ကျလေဖြစ်သည့်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းကို အားဖြည့်ဆောင်ရွက်သွားရန် လိုအပ်မည်



**နေပြည်တော် မေ ၉**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက် ၉ နာရီခွဲက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်နှင့် အသက်ရှုလမ်းကြောင်းရောဂါ အစရှိသည့် မကူးစက်နိုင်သောရောဂါများဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ပါကြောင်း၊ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုမှာ ကပ်ရောဂါအသွင်အဖြစ် အလျင်အမြန် တိုးတက်များပြားလျက်ရှိပြီး ယင်းရောဂါများကို ကုသရန်အတွက် ငွေကြေးမြောက်မြားစွာ သုံးစွဲနေရသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသော အဟန့်အတားတစ်ခုဖြစ်စေသလို နိုင်ငံ၏ ကျန်းမာရေးစနစ်အပေါ်တွင်လည်း ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါကြောင်း။

အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးရွက်ကြီးစိုက်ပျိုးမှုနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုကို စနစ်တကျကန့်သတ်ထိန်းချုပ် ဆောင်ရွက်လာသည့်အတွက် ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်း စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပစ်မှတ်ထား၍ ရင်းနှီးမြှုပ်နှံလာကြသည်ကို တွေ့ရှိရပါကြောင်း၊ ဆေးရွက်ကြီးစိုက်ပျိုးရာတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ အလွန်အကျွံသုံးစွဲရသည့်အတွက် မြေဆီလွှာကို ပြုန်းတီးစေပြီး စိုက်ပျိုးမြေများကို ကန္တာရအသွင်ပြောင်းစေသည့်အတွက် အကျိုးဆက်အနေဖြင့် စားရေရိက္ခာရှားပါးမှုကို ပိုမိုဆိုးရွားစေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီး ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကိုပြဋ္ဌာန်း၍ လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် ဗဟိုအဖွဲ့ကို ဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၂၃ အရ ဗဟိုအဖွဲ့အသစ်ကို အဖွဲ့ဝင် ၃၀ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဥပဒေပါ ရည်ရွယ်ချက်များကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းရန်နှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် အသစ်ပေါ်ထွက်လာသည့် အီးစီးကရက်ကဲ့သို့သော အီလက်ထရောနစ် အငွေ့ရှူစက်များ သုံးစွဲမှုသည် ကျန်းမာရေးကို ထိခိုက်စေသည့်အတွက် လူငယ်များအနေဖြင့် အဆိုပါအီလက်ထရောနစ်အငွေ့ရှူ စက်များ သုံးစွဲမှုမှ ကာကွယ်တားဆီးရန်အတွက် လိုအပ်သောမူဝါဒ၊ အစီအမံနှင့် ဥပဒေပြဋ္ဌာန်းချက်များ ချမှတ်ရန် လိုအပ်လျက်ရှိပါကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံများအရ ဆေးလိပ်ဈေးနှုန်း မြင့်လေ၊ သုံးစွဲမှုလျော့ကျလေဖြစ်သည့်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းကိုလည်း အားဖြည့်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ဗဟိုအဖွဲ့ပေါ်ပေါက်လာပုံ သမိုင်းကြောင်းအကျဉ်းနှင့် ဥပဒေပါ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်ဝတ္တရားများနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆွေးနွေး၍ အစည်းအဝေးမှ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မီးဘေးလုံခြုံရေးစီမံချက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ





**နေပြည်တော် မေ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတွင် မီးဘေးလုံခြုံရေး စီမံချက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း အမှုထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပူပြင်းခြောက်သွေ့သော နွေရာသီကာလကို ရောက်ရှိလာသဖြင့် အကြောင်း အမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာပါက ချက်ချင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ဝန်ထမ်းအားလုံး သိရှိနားလည်ဆောင်ရွက်တတ်စေရန် ယနေ့အခမ်းအနားကို ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန ရုံးအဆောက်အဦ ပရဝဏ်အတွင်းအပြင်၊ ရုံးပစ္စည်းကိရိယာများနှင့် အရေးကြီးစာရွက်စာတမ်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မတော်တဆ မီးလောင်ကျွမ်းမှုများ ဖြစ်ပွားလာပါက ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် ဝန်ထမ်းများအားလုံး မီးဘေးလုံခြုံရေး စီမံချက်ပါ လုပ်ငန်းစဉ်များကို ကောင်းစွာသိရှိထားကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို သေချာလေ့လာသိရှိပြီး ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ကြရန်နှင့် ဝန်ထမ်းများအားလုံး မီးဘေး အသိ သတိရှိစွာ အထူးဂရုပြု နေထိုင်ကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးလောင်မှု အခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှောင်ကြဉ်ရမည့် အချက်များ၊ မီးငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးရုံး အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ဝန်ကြီးဌာန၏ မီးဘေးလုံခြုံရေး စီမံချက်ပါ သာမန်အချိန်၊ မီးလောင်မှုဖြစ်ပေါ်ချိန်နှင့် မီးလောင်ကျွမ်းပြီးချိန် တို့တွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ကွပ်ကဲမှုအဖွဲ့၊ ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ သယ်ယူရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပို့ဆောင်ရေးအဖွဲ့ဟူ၍ အဖွဲ့ (၆) ဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**သတင်းစဉ်**



# နွေရာသီ မွန်စာပေနှင့် မွန်စကားပြောသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၉**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ မွန်စာပေနှင့်မွန်စကားပြောသင်တန်းဆင်းပွဲကို မေ ၇ ရက် နံနက်က ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ သင်တန်းဆင်း ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာ မင်းခင်စိန်က နွေရာသီ မွန်စာပေနှင့် မွန်စကားပြောသင်တန်းဖွင့်လှစ်ရခြင်းနှင့် မွန်စာပေဆပ်ကော်မတီဥက္ကဋ္ဌ နိုင်ခင်လတ်က သင်တန်းဆိုင်ရာ စီစဉ်ထားရှိမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများကို နာယက နိုင်မင်းသောင်းသျှင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ သင်တန်းကို မတ် ၃ ရက်မှ မေ ၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၁၃ မြို့နယ်မှ ကျောင်းသူ ကျောင်းသား ၃၅၀ တက်ရောက်ကြသည်။

**မျိုးမင်းသူရ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်း လုပ်ငန်းစဉ်များအကြောင်း သိကောင်းစရာ

**ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ မြန်မာနိုင်ငံမှာ ၁၉၅၉ ခုနှစ်ကတည်းက တည်ရှိခဲ့တာပါ။ ၂၀၁၀ ပြည့်နှစ်မှာတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပေမယ့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှသာ ဥပဒေအသက်ဝင်လာတာဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ရှိတဲ့အတွက် ဒီတာဝန်ကို ထမ်းဆောင်နိုင်ရေး စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ဖို့ ဥပဒေပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။**

ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းကို ပြည်သူတွေသိရှိနိုင်ဖို့အတွက် ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ ရှင်းလင်းဖော်ပြတာတွေ၊ ဆွေးနွေးပွဲပြုလုပ်တာတွေ၊ လက်ကမ်းစာစောင်ဖြန့်ဝေတာတွေ၊ ဆက်သွယ်ရေးအော်ပရေတာတွေကနေ SMS ပို့ပြီး ရှင်းလင်းဖော်ပြတာတွေ လုပ်ဆောင်ခဲ့ပေမယ့်လည်း ပြည်သူတွေကြားမှာ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်လို့ သို့လောသို့လောနဲ့ ရှင်းရှင်းလင်းလင်း မသိရှိကြသေးတာကိုလည်း တွေ့နေရပါတယ်။ ဒါ့ကြောင့်မို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်တွေအကြောင်း သိကောင်းစရာတွေကိုရေးသားဖော်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နည်းဥပဒေမထုတ်ပြန်မီမှာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အညီ ရေးဆွဲထားတဲ့ ဒီလုပ်ထုံးလုပ်နည်းတွေထဲမှာပါတဲ့ သတ်မှတ်ချက်တွေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်တွေကို ရှင်းလင်းဖော်ပြသွားမှာ ဖြစ်ပါတယ်။

ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့တွေအနေနဲ့ မိမိရပ်ကွက်၊ ကျေးရွာအုပ်စုမှာ နေထိုင်တဲ့ နိုင်ငံသားတွေအနက် စစ်မှုထမ်းရမယ့် အသက်အရွယ်ရောက်သူတွေရဲ့ စာရင်းကို ကောက်ယူပြုစုပြီး ဗဟိုအဖွဲ့က သတ်မှတ်ပေးတဲ့နေ့မှာ **ပုံစံ (၁)**နဲ့ မြို့နယ်အဖွဲ့ကို ပေးပို့ရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့တွေက ပေးပို့လာတဲ့ **ပုံစံ(၁)**မှာ ပါဝင်သူတွေကို မှတ်ပုံတင်စာရင်းသွင်းဖို့အတွက် **ပုံစံ (၂)**နဲ့ ဆင့်ခေါ်မှာဖြစ်ပါတယ်။

ဆင့်ခေါ်ခြင်းခံရသူက ကိုယ်တိုင်လာရောက်တယ်ဆိုရင် **ပုံစံ (၃-က)**ကို ဖြည့်စွက်ခိုင်းပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရမှာ ဖြစ်ပါတယ်။

ဆင့်ခေါ်ခြင်းခံရသူက ကိုယ်တိုင်မလာရောက်နိုင်လို့ ကိုယ်စားလာရောက်သူကို **ပုံစံ (၃-ခ)**ကို ဖြည့်စွက်ခိုင်းပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ **ပုံစံ(၃-က)၊ ပုံစံ(၃-ခ)** ဖြည့်စွက်ပြီးသူတွေကို **ပုံစံ(၄)**မှာ မှတ်ပုံတင်စာရင်းရေးသွင်းရမှာ ဖြစ်ပါတယ်။ **ပုံစံ(၄)**မှာ အောက်ကဏ္ဍာရပ်တွေအလိုက် **ပုံစံ(၄-က)၊ (၄-ခ)၊ (၄-ဂ)၊ (၄-ဃ)** ဆိုပြီး လေးမျိုးခွဲခြားထားပါတယ်-

(က) ပြည်သူ့စစ်မှုထမ်းဖို့ မိမိဆန္ဒအလျောက် ဆန္ဒပြုသူတွေ၊ ပုံစံ(၄-က)

( ခ ) ကင်းလွတ်ခွင့်ရရှိသူအမျိုးအစားနဲ့ ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူ အမျိုးအစားတို့တွင် အကျုံးမဝင်သူတွေ၊ပုံစံ(၄-ခ)

( ဂ ) ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူအမျိုးအစားတွင် အကျုံးဝင်သူတွေ၊ ပုံစံ (၄-ဂ)

(ဃ) ကင်းလွတ်ခွင့်ရရှိသူ အမျိုးအစားတွင် အကျုံးဝင်သူများ။ ပုံစံ(၄-ဃ)

မြို့နယ်အဖွဲ့အနေနဲ့ **ပုံစံ(၄)**တွေမှာ မှတ်ပုံတင်စာရင်းသွင်းပြီးသူတွေကို **ပုံစံ(၅)**နဲ့ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ **ပုံစံ (၄)**တွေမှာ ပါတဲ့စာရင်းကို သက်ဆိုင်ရာ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တွေကတစ်ဆင့် ဗဟိုအဖွဲ့ကို ပေးပို့ရမှာဖြစ်ပါတယ်။

ဗဟိုအဖွဲ့အနေနဲ့ မြို့နယ်အဖွဲ့ကပေးပို့လာတဲ့ စာရင်းတွေကို စိစစ်ပြီး ဆေးစစ်ဆေးဖို့ ဆင့်ခေါ်ရမယ့်သူအရေအတွက်ကို သတ်မှတ်ပေးကာ မြို့နယ်အဖွဲ့ကို အဆင့်ဆင့်ပေးပို့ရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ဗဟိုအဖွဲ့က သတ်မှတ်ပေးတဲ့ လူအရေအတွက်ကို ဆေးစစ်ဖို့အတွက် **ပုံစံ (၆)**နဲ့ ဆင့်ခေါ်ရမှာဖြစ်ပါတယ်။

ဆေးစစ်ဖို့ ဆင့်ခေါ်ခြင်းခံရသူတွေကို တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့နဲ့ ဆေးစစ်ဆေးမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

ပုံစံ(၁)

တံဆိပ်

ရက်စွဲ၊ - -

**-------ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူများစာရင်း**

----------------ရပ်ကွက်/ကျေးရွာအုပ်စု၊--------------မြို့နယ်၊-----------------------ခရိုင်၊ ----------------နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်

| စဉ် | အမည် | အဘအမည် | မွေးသက္ကရာဇ် (ရက်-လ-ခုနှစ်) | အသက် | ကျား/မ | လူမျိုး/ ကိုးကွယ်သည့် ဘာသာ | နိုင်/ဧည့်/(ပြု) ကတ်အမှတ် | လက်ရှိ နေရပ် | အလုပ်အကိုင် | ပညာ အရည်အချင်း | အိမ်ထောင် ရှိ/မရှိ | သားသမီး ရှိ/မရှိ | အတူနေ မိဘိုဖအို ရှိ/မရှိ | ဆက်သွယ်ရန် ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | |

**မှတ်ချက်။** အသက်ကိုရေးသွင်းရာတွင် -------ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပြည့်မြောက်ခဲ့သည့် အသက်ကို ရေးသွင်းရန်။

လက်မှတ်

--------------------ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

ပုံစံ(၂)

**စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်စာရင်းသွင်းရန်ဆင့်ခေါ်စာ**

**မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့**

**------------------------------မြို့နယ်**

ရက်စွဲ၊ - -

သို့

အမည်၊
အဘအမည်၊
နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊
နေရပ်၊

အကြောင်းအရာ။ **စစ်မှုထမ်းရန်အသက်အရွယ်ရောက်သူအဖြစ်မှတ်ပုံတင်စာရင်းသွင်းရန် ဆင့်ခေါ်ခြင်း**

၁။ ------------------- ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ပေးပို့သည့်စာရင်းအရ အမည်၊------ -------အဘအမည်၊--------------------နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ---------- နေရပ်၊-------------------- သည် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ **စစ်မှုထမ်းရန်အသက်အရွယ်ပြည့်မြောက်ပြီးသူ** ဖြစ်သဖြင့် **စစ်မှုထမ်းရန်** အသက်အရွယ်ရောက်သူအဖြစ် မှတ်ပုံတင်စာရင်းသွင်းရန်အတွက် ------------------ ရက်နေ့တွင် -------------------- --- နေရာသို့ မပျက်မကွက် သတင်းပို့ရမည်။ သတင်းပို့သည့်အခါ နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အား မပျက်မကွက် ယူဆောင်လာရမည်။

၂။ သတင်းပို့ရန်ပျက်ကွက်ပါက ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဥက္ကဋ္ဌ
မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့

## မင်းခန့်ကျော်(ဥပဒေ)

အတွင်းရေး

ပုံစံ (၃-က)

**စစ်မှုထမ်းရန်အရွယ်ရောက်သူအဖြစ်**
**မှတ်ပုံတင်စာရင်းသွင်းမည့်သူက ရေးသွင်းရန်ပုံစံ**

ဓာတ်ပုံ

တိုင်းဒေသကြီး/ပြည်နယ်၊..........................မြို့နယ်၊..........................။
ကျေးရွာအုပ်စု/မြို့၊..........................ကျေးရွာ/ရပ်ကွက်..........................။
လမ်း၊..........................အိမ်အမှတ်၊..........................။
၁။ အမည်၊..........................(အခြားအမည်)..........................။
၂။ မွေးသက္ကရာဇ်(ခရစ်သက္ကရာဇ်ရေးသွင်းရန်)..........ခုနှစ်၊ ..........လ၊ ..........ရက်။
၃။ လူမျိုး ..........။ ကိုးကွယ်သည့်ဘာသာ ..........။ ကျား/မ ..........။
၄။ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ..........................။
၅။ အလုပ်အကိုင်(ပြည့်စုံစွာရေးသားဖော်ပြရန်)၊..........................။
၆။ ထင်ရှားသည့်အမှတ်အသား၊..........................။
၇။ ပညာအရည်အချင်း၊..........................။ လက်ရှိပညာသင်ယူနေမှုအခြေအနေ ..........................
..........................................................။
၈။ လက်ရှိနေရပ်လိပ်စာ၊..........................။
၉။ အမြဲတမ်းနေရပ်လိပ်စာ၊..........................။
**၁၀။ ပြည်သူ့စစ်မှုထမ်းအဖြစ် ဦးစားပေးတာဝန်ထမ်းဆောင်ရန် ဆန္ဒပြု/မပြု** ပြု ☐ မပြု ☐
၁၁။ အဖ အမည်၊..........................။
နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ..........................။
၁၂။ အမိ အမည်၊..........................။
နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ..........................။
၁၃။ ဖခင်/မိခင်(မရှိ)သူဖြစ်က အုပ်ထိန်းသူအမည်၊..........................။
၁၄။ တော်စပ်ပုံ ..........................။
နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ..........................။
**၁၅။ မိဘ/အုပ်ထိန်းသူများ၏ နေရပ်လိပ်စာ၊ ..........................။**
၁၆။ ပြည်ပနိုင်ငံသို့ရောက်ရှိနေလျှင်
(က) နိုင်ငံကူးလက်မှတ်အမှတ်၊ ..........။ နိုင်ငံ၊..........................။
( ခ ) သွားရောက်သည့်အကြောင်းအရာ၊..........................။
( ဂ ) နေရပ်လိပ်စာ၊..........................။
(ဃ) ဖုန်း/**အီးမေးလ်လိပ်စာ**၊..........................။
၁၇။ မိဘ/ဖခင်များအား ပြုစုစောင့်ရှောက်နေရသူများဖြစ်က ရေးသားရန်၊..........................
..........................................................။
၁၈။ သာသနာ့ဝန်ထမ်းဖြစ်က သီးခြားရေးသားဖော်ပြရန်၊..........................
..........................................................။
၁၉။ ကျန်းမာရေးအခြေအနေ
(က) ကိုယ်လက်အင်္ဂါ စုံလင်မှု ရှိ/မရှိ၊..........................။

အတွင်းရေး

အတွင်းရေး

၂

( ခ ) ကူးစက်ရောဂါ ရှိ/မရှိ၊ ..........................။
( ဂ ) ကျန်းမာရေးအခြေအနေ သီးခြားရေးသားဖော်ပြရန်၊ ..........................
..........................................................။
၂၀။ အိမ်ထောင်ရှိ/မရှိ၊ ..........................။ ရှိခဲ့သော် -
(က) ဇနီး/ခင်ပွန်းအမည်၊..........................။
နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ..........................။
( ခ ) ဇနီး/ခင်ပွန်းအသက်၊..........................။
( ဂ ) သားသမီးအရေအတွက်(ဦးရေ)၊..........................။
(ဃ) သားသမီးများ **ဦးရေ**/အမည်/အသက်/အလုပ်အကိုင်/နေရပ်လိပ်စာ ၊..........................
..........................................................။
၂၁။ အိမ်ထောင်ပျက် ဟုတ်/မဟုတ်၊..........................။
၂၂။ အိမ်ထောင်ပျက်ဖြစ်က ကလေး ရှိ/မရှိ၊ ..........................။ ရှိခဲ့သော် -
(က) သားသမီး အရေအတွက်(ဦးရေ)၊..........................။
( ခ ) သားသမီးများအမည်/အသက်/အလုပ်အကိုင်/နေရပ်လိပ်စာ ၊..........................
..........................................................။
၂၃။ နိုင်ငံရေးပါတီများတွင် ဝင်ရောက်ထားခြင်း ရှိ/မရှိ ..........................။ ရှိခဲ့သော် -
(က) ပါတီအမည်၊..........................။
( ခ ) ရာထူး ..........။ တာဝန်၊..........................။
( ဂ ) စတင်ဝင်ရောက်ခဲ့သည့် ရက်စွဲ ..........။ လက်ရှိတာဝန်ထမ်းဆောင်နေမှု ရှိ/မရှိ ..........။
၂၄။ ရာဇဝတ်ပြစ်မှုတစ်ခုခုဖြင့် ပြစ်ဒဏ်ကျခံရခြင်းရှိ/မရှိ၊ ..........................။ ရှိခဲ့သော် -
(က) ပြစ်မှုအမျိုးအစား ..........................။ လက်ရှိထောင်ဒဏ်ကျခံနေရခြင်းရှိ/မရှိ..........။
( ခ ) ပြစ်ဒဏ်ကျခံရမည့်ကာလ၊ ..........နှစ်၊ ..........လ၊ ..........ရက်။
( ဂ ) ပြစ်ဒဏ်ပြီးဆုံးမည့် ကာလ၊ ..........ခုနှစ်၊ ..........လ၊ ..........ရက်။
၂၅။ အခြားမှတ်တမ်း တင်လိုသည့်အချက်များ၊..........................
..........................................................။
၂၆။ အထက်ဖော်ပြပါ အချက်အလက်ဖြည့်သွင်းမှုများ မှန်ကန်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်-

နေရာ၊ ။ ထိုးမြဲလက်မှတ်၊..........................။

အတွင်းရေး

အတွင်းရေး

၃

ရက်စွဲ၊ - - ၂၀ ။

အမည်၊..........................။
နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊
..........................................................။
နေရပ်လိပ်စာ၊..........................
..........................................................။
ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ..........................။

အတွင်းရေး

*စာမျက်နှာ ၁၂ မှ*

- ပညာသင်ကြားနေသူတွေ၊ (ပညာသင်ကြားနေသူတွေလို့ဆိုတဲ့အခါမှာ တရားဝင်အသိအမှတ်ပြုထားတဲ့ ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေမှာ ပညာသင်ကြားနေတယ်ဆိုတာ ခိုင်လုံတဲ့ အထောက်အထား တင်ပြနိုင်သူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- အခြားပြစုစောင့်ရှောက်မယ့်သူ မရှိတဲ့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ၊ (အခြားပြုစုစောင့်ရှောက်မယ့်သူ မရှိတဲ့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ ဆိုတာကတော့ ရပ်ပိုင်းဆိုင်ရာ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူရဲ့ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ဖို့မဖြစ်နိုင်တဲ့ အတူနေ အမိအရင်း၊ အဖအရင်းတွေကို ပြုစုစောင့်ရှောက်နေရသူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေ၊ (မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေ ဆိုတာကတော့ မူးယစ်ဆေးဝါးသုံးစွဲသူဟာ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်တဲ့ဌာန၊ ဂေဟာ ဒါမှမဟုတ် အစိုးရက အသိအမှတ်ပြုဆေးကုသဌာန၊ ဂေဟာမှာ မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- ထောင်ဒဏ်ကျခံနေသူတွေပဲ ဖြစ်ပါတယ်။

ကာလအပိုင်းအခြားတစ်ခုအထိ **ရွှေ့ဆိုင်းပေးတာနဲ့ပတ်သက်လို့ ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားတဲ့အချက်တွေကတော့-**

- ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိတဲ့နေ့မှ သတ်မှတ်ထားတဲ့နေ့ရက်အတိုင်း သတင်းပို့တာမလုပ်ရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးဖြစ်စေ၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးဖြစ်စေ ရုတ်တရက်သေဆုံးသွားခြင်း၊
- ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိတဲ့နေ့မှ သတ်မှတ်ထားတဲ့နေ့ရက်အတိုင်း သတင်းပို့တာမလုပ်ရသေးမီကာလအတွင်း မတော်တဆ ဖြစ်စရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူရဲ့ ပယောဂကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း၊
- ဥပဒေနဲ့အညီ ချုပ်နှောင်ခံနေရသူ၊ တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း၊
- နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း၊
- ပြည်သူ့စစ်မှုထမ်းရမယ့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်းဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်တွေကိုတော့ သတ်မှတ်ထားတဲ့ပုံစံတွေနဲ့ မြို့နယ်အဖွဲ့ကို လျှောက်ထားရမှာဖြစ်ပြီး အထောက်အထား စာရွက်စာတမ်းတွေ ပူးတွဲပေးရမှာ ဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ လျှောက်ထားမှုတွေကို သတ်မှတ်ချက်နဲ့အညီ စိစစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တို့ထံ ဆက်လက်တင်ပြရမှာဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တို့ကလည်း ဗဟိုအဖွဲ့ထံကို ဆက်လက်တင်ပြရမှာ ဖြစ်ပါတယ်။

ဗဟိုအဖွဲ့အနေနဲ့ လျှောက်ထားလာတာတွေနဲ့ ပတ်သက်လို့ ကင်းလွတ်ခွင့်ကို **ပုံစံ(၈-က)**၊ လျှော့ပေါ့ခွင့်ကို **ပုံစံ(၈-ခ)**၊ ရွှေ့ဆိုင်းခွင့်ကို **ပုံစံ(၈-ဂ)**တို့နဲ့ လျှောက်ထားသူကို ထုတ်ပေးရမှာ ဖြစ်ပါတယ်။ လျှောက်ထားမှုတွေကို ငြင်းပယ်မယ်ဆိုရင်တော့ **ပုံစံ(၉)**နဲ့ လျှောက်ထားသူကို အကြောင်းကြားရမှာဖြစ်ပါတယ်။

ဗဟိုအဖွဲ့ရဲ့ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းတွေ အပြီးသတ်ဆောင်ရွက်ပြီးရင် ပြည်သူ့စစ်မှုထမ်းဖို့ အမိန့်စာဆင့်ခေါ်ရမယ့် လူစာရင်းကို သက်ဆိုင်ရာ မြို့နယ်အဖွဲ့ကို ပြန်လည်ပေးပို့ရမှာဖြစ်ပါတယ်။ မြို့နယ်အဖွဲ့အနေနဲ့ ဗဟိုအဖွဲ့ကပေးပို့တဲ့စာရင်းမှာ ပါဝင်တဲ့သူတွေကို သတင်းပို့ရမယ့် တပ်/ဌာနကို သတ်မှတ်ပေးပြီး သတင်းပို့ဖို့ **ပုံစံ(၁၀)**နဲ့ အမိန့်စာ ပေးပို့ရမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ စစ်မှုထမ်းဆောင်နေတဲ့ ကာလအတွင်း ၎င်းရဲ့ တာဝန် ထမ်းဆောင်တဲ့ အဆင့်အလိုက် တပ်မတော်မှာ သတ်မှတ်ထားတဲ့ စစ်မှုထမ်းစည်းမျဉ်းနဲ့အညီ လစာနဲ့စရိတ်ကို ခံစားခွင့် ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ ကျဆုံးခြင်း၊ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းတွေ ရှိခဲ့မယ်ဆိုရင်လည်း သတ်မှတ်ချက်တွေနဲ့အညီ အကျိုးခံစားခွင့်တွေကို ရရှိမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးဟာ ဥပဒေအရ သတ်မှတ်ကာလ ပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ပြီးလို့ မိမိသဘောဆန္ဒအလျောက် တပ်မတော်မှာ ဆက်ပြီးအမှုထမ်းဆောင်လိုတယ်ဆိုရင် သတ်မှတ်တဲ့ စစ်မှုထမ်းကာလမပြည့်မီ သုံးလကြိုတင်ပြီး သတ်မှတ်ချက်တွေနဲ့အညီ **ပုံစံ(၁၁)**နဲ့ လျှောက်ထားနိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းရဲ့ သဘောတူညီချက်နဲ့ လျှောက်ထားရမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၄ သို့*

ပုံစံ (၈-က)

**ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားမှုအား ခွင့်ပြုမိန့်**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ရက်စွဲ၊ - -

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ **ခွင့်ပြုမိန့်ပေးပို့ခြင်း**

-------------တိုင်းဒေသကြီး/ပြည်နယ်၊ ------------- ခရိုင်၊----------မြို့နယ်၊---------ရပ်ကွက်/ကျေးရွာအုပ်စုနေ စစ်မှုထမ်းရန် အရွယ်ရောက်သူဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်အမှတ်၊------------- ကိုင်ဆောင်ထားသူ အမည်၊---------- အဘအမည်၊------------- နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသား(ပြု) စိစစ်ရေးကတ် အမှတ်၊ ------------နေရပ်၊------------- သည် ----------ဟူသောအကြောင်းပြချက်ဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားတင်ပြ လာမှုအပေါ် ခွင့်ပြုကြောင်း ဤအမိန့်စာကို ပေးပို့ပါသည်။

ဥက္ကဋ္ဌ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

(လိုအပ်သလိုပြည့်စွက်ရေးသားရန်)

ပုံစံ (၈-ခ)

**ပြည်သူ့စစ်မှုထမ်းခြင်းမှ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန် လျှောက်ထားမှုအား ခွင့်ပြုမိန့်**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ရက်စွဲ၊ - -

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ **ခွင့်ပြုမိန့်ပေးပို့ခြင်း**

-------------တိုင်းဒေသကြီး/ပြည်နယ်၊ ------------- ခရိုင်၊----------မြို့နယ်၊---------ရပ်ကွက်/ကျေးရွာအုပ်စုနေ စစ်မှုထမ်းရန် အရွယ်ရောက်သူဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်အမှတ်၊------------- ကိုင်ဆောင်ထားသူအမည်၊----------အဘအမည်၊------------- နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေး ကတ်အမှတ်၊ ------------နေရပ်၊------------- သည် ---------- ဟူသောအကြောင်းပြချက်ဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းမှ စစ်မှုထမ်းရမည့် ကာလအပိုင်း အခြားကို လျှော့ပေါ့ပေးပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ပြုကြောင်း ဤအမိန့်စာကို ပေးပို့ ပါသည်။

ဥက္ကဋ္ဌ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

(လိုအပ်သလိုပြည့်စွက်ရေးသားရန်)

ပုံစံ (၈-ဂ)

ပြည်သူ့စစ်မှုထမ်းခြင်းမှ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန် လျှောက်ထားမှုအား ခွင့်ပြုမိန့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ရက်စွဲ၊ - -

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ ခွင့်ပြုမိန့်ပေးပို့ခြင်း

၁။ -------------တိုင်းဒေသကြီး/ပြည်နယ်၊ ------------- ခရိုင်၊----------မြို့နယ်၊---------ရပ်ကွက်/ကျေးရွာအုပ်စုနေ စစ်မှုထမ်းရန် အရွယ်ရောက်သူဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်အမှတ်၊------------- ကိုင်ဆောင်ထားသူ အမည်၊---------- အဘအမည်၊------------- နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေး ကတ်အမှတ်၊ ------------နေရပ်၊------------- သည် ---------- ဟူသောအကြောင်းပြချက်ဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းမှ သီးခြားဖော်ပြထားသော ကာလ အပိုင်း အခြားအထိ ရွှေ့ဆိုင်းပေးပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ပြုကြောင်း ဤအမိန့် စာကို ပေးပို့ပါသည်။

၂။ ---------- ကာလအပိုင်းအခြားအထိ ပြည်သူ့စစ်မှုထမ်းရန်ရွှေ့ဆိုင်းပေးထားသောကာလ ပြည့်မြောက်သည့်အခါ ပြည်သူ့စစ်မှုထမ်းတာဝန်ကို မပျက်မကွက် ပြန်လည်ထမ်းဆောင်ရမည်။

ဥက္ကဋ္ဌ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပုံစံ(၉)

**ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန်/ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန်/သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန်လျှောက်ထားမှုအားငြင်းပယ်ခြင်း**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ရက်စွဲ၊ - -

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ **ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုရန်/ စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျှော့ပေါ့ ပေးရန်/သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိရွှေ့ဆိုင်းရန်လျှောက်ထားမှုအား ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

၁။ -------------တိုင်းဒေသကြီး/ပြည်နယ်၊ ------------- ခရိုင်၊----------မြို့နယ်၊---------ရပ်ကွက်/ကျေးရွာအုပ်စုနေ စစ်မှုထမ်းရန်အရွယ်ရောက်သူဖြစ်ကြောင်း မှတ်ပုံတင်လက်မှတ်အမှတ်၊------------- ကိုင်ဆောင်ထားသူအမည်၊---------- အဘအမည်၊------------- နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေး ကတ်အမှတ်၊ ------------နေရပ်၊------------- သည် ---------- ဟူသောအကြောင်းပြချက်ဖြင့် ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန်/ စစ်မှုထမ်းရမည့်ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးပါရန်/ သီးခြားဖော်ပြထားသော ကာလအပိုင်း အခြားအထိ ရွှေ့ဆိုင်းပေးပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ------------------------- ငြင်းပယ်လိုက်သည်။

၂။ ---------- နေ့ရက်------------- တပ်/ဌာနသို့ မပျက်မကွက်သတင်း ပို့သွားရန်ဖြစ်ပါသည်။

ဥက္ကဋ္ဌ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

(လိုအပ်သလိုပြည့်စွက်ရေးသားရန်)

ပုံစံ(၁၀)

**ပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ရေးအမိန့်စာ**

**မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့**

**----------မြို့နယ်**

ရက်စွဲ၊ - -

သို့

အမည်၊

အဘအမည်၊

နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊

နေရပ်၊

အကြောင်းအရာ။ **ပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ရေးအမိန့်စာထုတ်ဆင့်ခြင်း**


၁။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန်အသက်အရွယ်ပြည့်မြောက်ပြီးသူအဖြစ် စာရင်းသွင်း မှတ်ပုံတင်ပြီးဖြစ်၍ မှတ်ပုံတင်လက်မှတ်လက်ဝယ်ရှိထားသူအမည်၊------------- အဘအမည်၊---------- နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ---------- ---------နေရပ်၊------------- သည် တပ်မတော်ဆေးစစ်ဆေးရေးဘုတ် အဖွဲ့ဖြင့် ဆေးစစ်ဆေးမှုခံယူ သည့်အခါ ဆေးအဆင့် (  ) ဆေးအောင်မြင်သဖြင့်----------ရက်နေ့တွင် -- ------------- တပ်/ ဌာနသို့ မပျက်မကွက်သတင်းပို့ရန် ဤဆင့်ခေါ်ရေး အမိန့်စာကို ထုတ်ဆင့်လိုက်သည်။

၂။ သတင်းပို့သည့်အခါ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်နှင့် စစ်မှုထမ်းရန် အရွယ်ရောက်သူအဖြစ် စာရင်းသွင်းထားသည့် မှတ်ပုံတင်လက်မှတ်တို့အား မပျက်မကွက် ယူဆောင်လာရမည်။

၃။ သတင်းပို့ရန်ပျက်ကွက်ပါက ပြည်သူ့စစ်မှုထမ်းဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေး အပ်ပါသည်။

ဥက္ကဋ္ဌ

မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့


ပုံစံ(၁၁)


ပြည်သူ့စစ်မှုထမ်းမှ အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်လျှောက်လွှာ

၁။ ကိုယ်ပိုင်အမှတ်၊ ................ အဆင့်၊ ................ အမည်၊ ........
၂။ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ................
၃။ လက်ရှိတာဝန်ထမ်းဆောင်သည့်တပ်၊ ................
၄။ အဘအမည်၊ ................
၅။ အမိအမည်၊ ................
၆။ လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ ................
၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင်-
(က) အဆင့်/ရာထူး၊ ................
(ခ) ဝန်ကြီးဌာန/အဖွဲ့အစည်း၊ ................
(ဂ) ဝန်ကြီးဌာန/အဖွဲ့အစည်းလိပ်စာ၊ ................
(ဃ) ဝန်ကြီးဌာန/အဖွဲ့အစည်းက ခွင့်ပြု/မပြု ၊ ................
၈။ ကျွန်တော်/ကျွန်မသည် ပြည်သူ့စစ်မှုထမ်းဥပဒေအရ - - ရက်နေ့မှစ၍ စစ်မှုထမ်းဆောင်ခဲ့ပြီး - - ရက်နေ့တွင် သတ်မှတ်ကာလပြည့်မြောက်မည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအနေဖြင့် တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လိုပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

ရက်စွဲ၊ - - ။ (လျှောက်ထားသူလက်မှတ်)

ထပ်ဆင့်ထောက်ခံချက်

၉။ ထောက်ခံပါသည်/မထောက်ခံပါ။


၂

တပ်မှူး/တပ်ရင်းမှူး
ရက်စွဲ၊ - - ။ အမှတ်( )တပ်/ခြေလျင်/ခြေမြန်တပ်ရင်း

ဝန်ကြီးဌာန/အဖွဲ့အစည်း အကြီးအကဲ၏ သဘောတူကြောင်းထောက်ခံချက်

................ မှ ဦး/ဒေါ် ................ ၊ အဘအမည် ................ ၊ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ................ သည် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းဆောင်လျက်ရှိရာ သတ်မှတ် ကာလမှာ - - ရက်နေ့တွင်ပြည့်မြောက်မည်ဖြစ်သော်လည်း အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လို၍ လျှောက်ထားမှုအပေါ် သဘောတူခွင့်ပြုပါသည်။

လက်မှတ်၊ ................
အဆင့်/ရာထူး၊ ................
အမည်၊ ................
ရုံး/ဌာန၊ ................
ရက်စွဲ၊ ................


ပုံစံ(၁၂)

ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်

၁။ ကိုယ်ပိုင်အမှတ် ၊ ................
၂။ အဆင့် ၊ ................
၃။ အမည် ၊ ................
၄။ ထမ်းဆောင်ခဲ့သည့်တပ် ၊ ................
၅။ အဘအမည် ၊ ................
၆။ မွေးသက္ကရာဇ် ၊ ................
၇။ အသက် ၊ ................
၈။ ကျား/မ ၊ ................
၉။ လူမျိုး/ကိုးကွယ်သည့်ဘာသာ ၊ ................
၁၀။ နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသား(ပြု) စိစစ်ရေးကတ်အမှတ်၊ ................
၁၁။ နေရပ် ၊ ................
၁၂။ ဆက်သွယ်ရန်ဖုန်းနံပါတ် ၊ ................
၁၃။ ပြည်သူ့စစ်မှုထမ်းခဲ့သည့်ကာလ ၊ ................ မှ ................ ထိ



ထုတ်ပေးသည့်ရက်စွဲ ထုတ်ပေးသူလက်မှတ်

(တံဆိပ်တုံးများကို လုံခြုံမှုအဆင့်ရှိစွာပြုလုပ်ရန်၊ အတုအပမပြုနိုင်အောင် ရေစာများထည့်သွင်းရန်၊ လိုအပ်ပါက code များထည့်သွင်းထားရန်)

*စာမျက်နှာ ၁၃ မှ*

ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းရဲ့ ခံစားခွင့်တွေနဲ့ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့နဲ့ ညှိနှိုင်းသတ်မှတ်ပေးမှာဖြစ်ပါတယ်။ အလုပ်သမားတစ်ဦးအတွက် ဆိုရင်လည်း သက်ဆိုင်ရာအလုပ်ရှင်အနေနဲ့ သက်ဆိုင်ရာဥပဒေက သတ်မှတ်ပေးထားတဲ့ ခံစားခွင့်ကိုရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးတဲ့ အလုပ်သမားကို မူလအလုပ်အကိုင်ပြန်လည်ရရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ ဥပဒေအရ သတ်မှတ်ကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးတဲ့အခါမှာတော့ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးမြောက်ကြောင်းလက်မှတ်ကို ပုံစံ (၁၂) နဲ့ ထုတ်ပေးမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းအဖြစ် သတ်မှတ်ကာလ ပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့သူဟာ နိုင်ငံတော်ရဲ့ ထိုက်သင့်တဲ့ ချီးမြှင့်မှုကို ခံစားခွင့်ရရှိနိုင်မှာဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါတယ်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မုံရွာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ

**မုံရွာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ်မြောက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဆန်းအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး ဦးစီးမှူးက ပြန်လည်ဖြေကြားဆွေးနွေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(မုံရွာ)၌ ဒုတိယအကြိမ်မြောက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မေ ၈ ရက်က ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်သက်က ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားဆွေးနွေးကာ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**မြင့်သိန်းစိုး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ချမ်းအေးသာစံမြို့နယ်ရှိ ဂျွန်းဗလီသို့သွားရောက်၍ ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင်ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများသွားရောက်လှူဒါန်း

**မန္တလေး ဧပြီ ၉**

မန္တလေးမြို့ရှိ အစ္စလာမ်ဘာသာဝင်များ၏ ဗလီဝတ်ကျောင်းတော်များတွင် အစ္စလာမ်ဘာသာ ထုံးတမ်းစဉ်လာအရ မတ် ၁၁ ရက်မှစ၍ အစ္စလာမ်ဘာသာဝင်များ ဥပုသ်ဆောက်တည်လျက်ရှိရာ ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက်အာဟာရဖြည့်စွက်စာများ နှစ်စဉ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များကို အာဟာရဖြည့်စွက်စာများ လှူဒါန်းခြင်းအတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများသည် ချမ်းအေးသာစံမြို့နယ် ၂၇လမ်း၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားရှိ ဂျွန်းဗလီသို့ ယမန်နေ့က သွားရောက်၍ လှူဒါန်းကြရာ ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များကို တစ်ဦးချင်း အာဟာရဖြည့်စွက်စာများ လှူဒါန်းပေးဝေကြသည်။

အဆိုပါ ဂျွန်းဗလီ၌ မတ် ၁၁ ရက်မှ ဧပြီ ၁၀ရက်အထိ ဥပုသ်တစ်လ ဆောက်တည်လျက်ရှိကြပြီး ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် နှစ်စဉ်အာဟာရဖြည့်စွက်စာများ လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နေပြည်တော် ပျဉ်းမနားမြို့တွင် အစ္စလာမ်ဘာသာဝင်များ၏ ဥပုသ်လ၊ အလှူအတန်းများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် အစ္စလာမ်ဘာသာဝင်များ၏ ဝါတွင်းကာလဥပုသ်သည်များအား ညနေဥပုသ်ထွက်ချိန်တွင် အလှူဒါနများ ပြုလုပ်၍ စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။



ပျဉ်းမနားမြို့တွင် အစ္စလာမ်ဘာသာဝင်များ၏ ဝတ်ပြုကျောင်းတော် ဗလီ ၁၁ လုံးရှိရာ အဆိုပါဗလီများ၌ ညနေ ၅ နာရီခန့်က ဥပုသ်သည်များ ဥပုသ်ထွက်ချိန်တွင် သုံးဆောင်ရန်အတွက် ကြက်သားစွပ်ပြုတ်များကို ရပ်ကွက်အလိုက်၊ ဗလီအလိုက် ဒေသခံများအား လူမျိုးဘာသာမရွေး လှူဒါန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

"ကျွန်တော်တို့ ရွာကောက် ရပ်ကွက် ရမည်းသင်းစုနယ်မြေမှာရှိတဲ့ ကြယ်စန္ဒာဗလီ ဝတ်ပြုကျောင်းတော်မှာဆိုရင် တစ်ရက်ကို မိုးဖြဲဒယ်အိုးကြီး နှစ်အိုးနဲ့ ကြက်သားစွပ်ပြုတ် ချက်ပြီး ဝါတွင်းကာလ နေ့စဉ်လှူဒါန်းလျက်ရှိပါတယ်။ အိမ်ခြေ ၅၀၀ လောက် ဝေငှလို့ရပါတယ်။ အခုလိုလှူဒါန်းခြင်းဟာ အစ္စလာမ်ဘာသာဝင်တွေအတွက် သီးသန့် မဟုတ်ပါဘူး။ လူမျိုးဘာသာမရွေးကို လှူဒါန်းခြင်းဖြစ်ပါတယ်။ ညနေ ၅နာရီမှာ စတင်ဝေငှပါတယ်။ ညနေ ၆ နာရီအထိ နေ့စဉ်လှူဒါန်းပါတယ်။ အခုလို ကြက်သားစွပ်ပြုတ်ဝေငှဖို့အတွက် အလှူရှင်တွေကတော့ ရပ်ကွက်နေဒေသခံတွေနဲ့ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်တွေက ဥပုသ်လမရောက်ခင် တစ်ပတ်အလိုကတည်းက တတ်နိုင်သလောက်ပါဝင်လှူဒါန်းပြီး ယခုကဲ့သို့ ဝေငှလှူဒါန်းခြင်းဖြစ်ပါတယ်"ဟု အဆိုပါအလှူတွင် ပရဟိတလုပ်ကိုင်ကူညီပေးသူ ဦးဝင်းသိန်းက ပြောကြားသည်။

ဆက်လက်၍ ယင်းရပ်ကွက်ရှိ ကြယ်စန္ဒာဗလီဝတ်ပြုကျောင်းတော်၏ အကျိုးတော်ဆောင်ဆရာ ဦးဇော်မျိုးနိုင်က "ကျွန်တော်တို့နယ်မြေမှာ အိမ်ခြေ ၂၅၀ ရှိပါတယ်။ ဥပုသ်သည်တွေဟာ ညနေ ၆ နာရီ ၂၃ မိနစ်မှာ ဥပုသ်ထွက်ရပါတယ်။ ဗလီကို လာရောက်ပြီး ဥပုသ်ထွက်သူတွေကို ကျွန်တော်တို့ ဗလီအကျိုးတော်ဆောင်တွေက ထမင်းသုပ်၊ ထမင်းကြော်၊ ဒံပေါက်၊ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲသုပ်၊ မုန့်ဖက်သုပ်၊ အသီးအနှံ၊ အအေးတို့နဲ့ ရက်အလိုက် နေ့စဉ်ညှိ့ခံကျွေးမွေးလျက်ရှိပါတယ်" ဟု ရှင်းပြသည်။

ပျဉ်းမနားမြို့တွင် ဥပုသ်ကာလအတွင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများကလည်း ဥပုသ်သည်များအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း ကြယ်စန္ဒာဗလီ အကျိုးတော်ဆောင် ဆရာ ဦးဇော်မျိုးနိုင်က ထပ်ဆင့်ပြောကြားသည်။

မင်းမင်းလတ်
(မန်းတက္ကသိုလ်)



အစ္စလမ်ဘာသာဝင်များ၏ ရမ်ဇန်လမြတ်ကာလတွင် ဥပုသ်ဆောက်တည်ကြသူများအား ဝါဖြေချိန်တွင် စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းဒေသကြီးအချို့တွင် စေတနာရှင်များ၊ အလှူရှင်များက လှူဒါန်းလျက်ရှိရာ ယနေ့ညနေပိုင်း ဝါဖြေချိန်တွင် ပန်းဘဲတန်းမြို့နယ် လမ်း(၃၀)အထက်လမ်းရှိလူငယ်များက ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စတုဒိသာစတော်ဘယ်ရီမစ်ရှိပ်များကို လူမျိုးဘာသာမရွေး လူဦးရေ ၃၀၀၀ အတွက် သုံးဆောင်နိုင်ရန် လှူဒါန်းကြစဉ်။ အောင်မြင့်(ပြန်/ဆက်)

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# အမရပူရမြို့နယ် ၂၀၂၄ ခုနှစ် ကျေးရွာအလိုက် နွေရာသီဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်

**အမရပူရ ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကင်းဘက်ကျေးရွာ အားကစားနှင့် ကာယပညာ ကော်မတီမှကြီးမှူး၍ ၂၀၂၄ ခုနှစ် ကျေးရွာအလိုက် နွေရာသီဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ညနေပိုင်းက ကျေးရွာဘောလုံးကွင်း၌ ကျင်းပသည်။



အဆိုပါ ဗိုလ်လုပွဲစဉ်တွင် တလင်းကြီးကျေးရွာအသင်းနှင့် အိုင်ကြီးကျေးရွာ အသင်းတို့ ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆွေဦး၊ ကျေးရွာဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ကြည် (ခ) ဦးကုလား၊ ပြိုင်ပွဲကျင်းပရေး ကော်မတီနာယက ဦးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် အိုင်ကြီးအသင်းက တလင်းကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တတိယလုပွဲတွင် ကမ္ဘာ့အသင်းက ညောင်ပင်ဆောက် အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်ကာ တတိယဆု ရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ကူညီ ဆောင်ရွက်ပေးကြသည့် ဘောလုံးဒိုင်များကို နာယက အဖွဲ့ဝင် ဦးစိန်ကျော်နှင့် ဦးဌေးဌေးတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ တတိယဆုရ ကမ္ဘာ့အသင်းအား ဆုငွေကျပ် သုံးသိန်းကို ပြိုင်ပွဲကော်မတီနာယကဦးမင်းသိန်းနှင့် ဦးစောလင်းတို့ကလည်းကောင်း၊ ဒုတိယဆုရ တလင်းကြီးအသင်းအား ဆုငွေကျပ်ငါးသိန်းကို ဦးဇော်သက်အောင်နှင့် ဦးနန်းဝင်းစိုးတို့ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပထမဗိုလ်စွဲသည့် အိုင်ကြီးအသင်းအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆွေဦးနှင့် ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ကြည် (ခ) ဦးကုလားတို့မှ ဆုငွေကျပ် ရှစ်သိန်းနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**တင်မောင်-မန်း**

# EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၉၀ ကျော်ကို ကိုရီးယားသမ္မတနိုင်ငံသို့ ဧပြီ ၉ ရက်တွင် စေလွှတ်ခဲ့

**ရန်ကုန် ဧပြီ ၉**
ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၉၃ ဦးကို ဧပြီ ၉ ရက်တွင် စေလွှတ်ခဲ့ကြောင်း ကိုရီးယားသမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သိရသည်။

ယင်းကဲ့သို့ စေလွှတ်သော လုပ်သား ၁၉၃ ဦးအနက် ကုန်ထုတ်လုပ်သားသစ် ၁၇၂ ဦးနှင့် ဆောက်လုပ်ရေးလုပ်သား ၂၁ ဦး ပါဝင်ပြီး မြန်မာလုပ်သားများ ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည် ဆိုင်ရာလေဆိပ်သို့ မြန်မာ အမျိုးသားလေကြောင်းလိုင်း UB 8301 (Charter Flight) ခရီးစဉ်ဖြင့် ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာလုပ်သားများ ရောက်ရှိချိန်မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့်အချက်များကို မှာကြားပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးကြောင်းလည်း သံရုံး၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။ ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သားများ စေလွှတ်လျက်ရှိပြီး ပြီးခဲ့သည့် မတ်လ အတွင်းကလည်း EPS စနစ်ဖြင့် လုပ်သားဦးရေ စုစုပေါင်း ၈၆၂ ဦး စေလွှတ်ရောက်ရှိခဲ့ကာ ဖေဖော်ဝါရီလကလည်း ကိုရီးယားသမ္မတ နိုင်ငံသို့ E-9 ဗီဇာဖြင့် EPS လုပ်သား စုစုပေါင်း ၁၃၃၃ ဦး စေလွှတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် တွင်ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့် (EPS)စနစ်ဖြင့် ၁၆ ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာနိုင်ငံမှလုပ်သားများကို ကိုရီးယားသမ္မတနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် ကျား/မ မရွေး ဝင်ရောက်ဖြေဆိုခွင့်ရရှိမည် ဖြစ်ကြောင်းလည်း သိရသည်။ **MT**



# မြင်းခြံမြို့နယ် ရသာကျေးရွာမှ ပြည်သူ သုံးဦးကို ပစ်သတ်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရသာကျေးရွာကို လုံခြုံရေးပူးပေါင်း တပ်ဖွဲ့ဝင်များက ဧပြီ ၈ ရက်တွင် ဝင်ရောက်ခဲ့ပြီး ပြည်သူ သုံးဦးကို ပစ်သတ်ခဲ့ကာ နေအိမ် ၂၅၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဧပြီ ၈ ရက်တွင် အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံ ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်း တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ရသာကျေးရွာအနီးသို့ ရောက်ရှိစဉ်တွင် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများက လက်လုပ်သေနတ်များဖြင့် စတင်ပစ်ခတ်ခဲ့သည့်အတွက် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ ထို့နောက် လုံခြုံရေးပူးပေါင်း တပ်ဖွဲ့ဝင်များ၏ ထိရောက်သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးခဲ့ပြီး ၎င်းတို့ ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ နေအိမ်များကို မီးရှို့ ထွက်ပြေးသွားခဲ့သည့်အတွက် ရသာကျေးရွာရှိနေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် အကြမ်းဖက်သမား နှစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်ရှိ ကျေးရွာများတွင် အတင်းအဓမ္မ ငွေကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများအပြင် ဒေသခံပြည်သူများအား ဖမ်းဆီးနှိပ်စက်နေသည့်အတွက် အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့်ဒေသခံများကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

❖ *ကျောဖုံးမှ*
အဆိုပါ ကိုရီးယား K-pop အနုပညာရှင်များ ပထမအဖွဲ့တွင် ရုပ်ရှင်/ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာ ရိုက်ကူးထားသည့် သရုပ်ဆောင်ဘတ်အွန်းဟီး၊ K-pop အဆိုတော်များဖြစ်ကြသည့် Rejen ၊ Henny နှင့် 7 Kids Doll Group ၊ Astel Dance Group နှင့် DJ-Saemi တို့ အပါအဝင် အနုပညာရှင် ၂၄ ဦး ပါဝင်ပြီး ယနေ့ ညပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်) မှ ကိုရီးယားဘာသာစကား သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍လည်းကောင်း၊ အနုပညာရှင်များ၏ဓာတ်ပုံနှင့် အမည်စာတန်းပါကားချပ်များ ကိုင်ဆောင်၍လည်းကောင်း၊ ရန်ကုန်အနုပညာ အထက်တန်းကျောင်း(ပန်းတျာကျောင်း)မှ အိုးစည်/ဒိုးပတ်အဖွဲ့မှ အတီးအမှုတ်၊ အကတို့ဖြင့်လည်းကောင်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

အဆိုပါ အဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သမ္မတဟိုတယ်တွင် တည်းခိုကြမည်ဖြစ်ပြီး ဧပြီ ၁၀ ရက်တွင် နေပြည်တော်သို့ လာရောက်ကြမည်ဖြစ်ကြောင်း၊ ကိုရီးယား K-pop အနုပညာရှင် ငါးဦးပါအဖွဲ့သည် ဧပြီ ၁၁ ရက်တွင် လည်းကောင်း၊ ၁၉ ဦးပါအဖွဲ့သည် ဧပြီ ၁၄ ရက်တွင်လည်းကောင်း အသီးသီးထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်းနှင့် ဧပြီ ၁၂ ရက်ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တင်ဆက်မည့် Friday Night Live Show တွင်လည်း ကိုရီးယားနာမည်ကျော်တေးသံရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စည်းကမ်းချိုးဖောက်သော YBS ယာဉ်မောင်းများကို ထိရောက်စွာ အပြစ်ပေးသွားမည်

**ရန်ကုန် ဧပြီ ၉**
စည်းကမ်းချိုးဖောက်သော YBS ယာဉ်မောင်းများကို ထိရောက်စွာ အပြစ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျော်မန်က ပြောသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက် အထိ သုံးလအတွင်း YBS ယာဉ်မောင်းများ စည်းကမ်းချိုးဖောက်မှုဖြစ်စဉ် အကြိမ်ပေါင်း ၁၈၄၂၄ ကြိမ်အထိ ရှိခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ စည်းကမ်းဖောက်ဖျက်မှုစာရင်းများ အရ မှတ်သားဖမ်းဆီးမှုမှာ ၁၆၆၀၂ မှုဖြစ်၍ အများဆုံးရှိခဲ့ပြီး တိုင်ကြားမှု ၂၂၉ မှု၊ မီးနီဖြတ်မောင်းမှု ၅၈ ခု၊ သတ်မှတ်ကီလိုမီတာအထက် ကျော်လွန်မောင်းနှင်မှု ၉၁၀၊ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းနှင်မှု ၁၆၅ မှု၊ မဆင်မခြင်မောင်းနှင်မှု ၁၀၀၊ အခြားအမှု ၈၀၊ ရပ်နားချိန်ကြာမြင့်မှု ၈၆ မှု၊ ယာဉ်တစ်စီးနှင့် တစ်စီးယှဉ်ပြိုင် ကျော်တက်မောင်းနှင်မှု ၁၈၉ မှု၊ မချေမငံပြောဆိုမှု တစ်မှုနှင့် Complaint Center မှ Viber သို့ တိုင်ကြားမှု နှစ်ခုတို့ပါဝင်ကြောင်း သိရသည်။

"အဖွဲ့ ကိုးဖွဲ့ ဖွဲ့ပြီး ယာဉ်လမ်းကြောင်းရှင်းပေးတာ၊ လိုက်လံစစ်ဆေးပြီး မှတ်သားဖမ်းဆီးတာ။ သုံးလအတွင်း မှတ်သားဖမ်းဆီးမှုက ၁၆၆၀၂ မှု အများဆုံးဖြစ်ပါတယ်။ YBS ယာဉ်မောင်းတွေ စနစ်တကျ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းအောင် ဖမ်းဆီးတာဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းများကိုလည်း အပြစ်ပေးကာ နောက်တစ်ကြိမ် စည်းကမ်းမဖောက်ဖျက်စေရန် YRTC မှ တစ်လနှစ်ကြိမ် ပညာပေးနေပြီး သတ်မှတ်သည့်အတိုင်း မလိုက်နာပါက ထိရောက်စွာ အပြစ်ပေးသွားမည်ဟုလည်း ဦးလျှန်ကျော်မန်က ဆိုသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်အတွင်းက YBS ယာဉ်များ မတော်တဆဖြစ်စဉ်ကြောင့် ရန်ကုန်မြို့တွင် သေဆုံးသူ ၃၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၁၇ ဦးရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ ဧပြီ ၃ ရက်အထိ YBS ယာဉ်များ မတော်တဆဖြစ်စဉ်ကြောင့် သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၃၂ ဦးရှိနေပြီဟုလည်း YRTC မှ သိရသည်။ **MT**

○ *ကျောဖုံးမှ*
အင်တာမီလန်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည်။ ထို့ပြင် အူဒီးနိစ်အသင်းသည် ပွဲချိန်တစ်လျှောက် အင်တာမီလန်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် စုစုပေါင်း သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်မတ်မှု ရှိခဲ့သည်။

ပွဲချိန် မိနစ် ၄၀ တွင် ဆမာဒစ်၏ သွင်းဂိုးကြောင့် အူဒီးနိစ်အသင်းက ဦးဆောင်ဂိုး ရရှိခဲ့သည်။ သို့သော်လည်း ပွဲချိန် ၅၅ မိနစ်တွင် အင်တာမီလန်အသင်းမှ ကယ်ဟန်နိုလူက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သည်။ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးရန် နီးစပ်ခဲ့သော်လည်း ဖရက်တက်စီ၏ နောက်ကျသွင်းဂိုးကြောင့် အင်တာမီလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့ကြောင့် အင်တာမီလန်အသင်းသည် စီးရီးအေ ပွဲစဉ် (၃၁) ကစားအပြီး ရမှတ် ၈၂ မှတ်နှင့်အတူ စီးရီးအေအမှတ်ပေးဖလားဆွတ်ခူးရန် နီးကပ်လာပြီ ဖြစ်သည်။ အူဒီးနိစ်အသင်းက လာမည့်နှစ် တန်းမဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေရလဒ်ကောင်း ရရှိရေး ဆက်လက်ကြိုးပမ်းသွားရမည် ဖြစ်သည်။ **အောင်ဇော်**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ညနေ ၁၈၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၉**
ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီဆဲလ်စီးယပ်၊ မြင်းခြံမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၄ ဒီဂရီဆဲလ်စီးယပ်စီနှင့် မြင်းမူမြို့၊ ညောင်ဦးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့နှင့် ပြည်မြို့တို့တွင် ၄၃ ဒီဂရီဆဲလ်စီးယပ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ပူတာအိုမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။ **မိုး/ဇလ**




# မွန်ပြည်နယ်အတွင်း အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်း ၈၉၇ ဝိုင်း စာသင်သား ၁၃၄၅၀ ဖြင့် သင်ကြားလျက်ရှိ



**မော်လမြိုင် ဧပြီ ၉**

မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ စာတတ်မြောက်ရေး၏ ကဏ္ဍတစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာအုပ်စုတွင် စာသင်ဝိုင်း သင်ကြားပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

**တွေ့ဆုံအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စာသင်ဝိုင်း၌ စာတတ်မြောက်ရေးသင်ကြား သင်ယူလျက်ရှိသူများ၊ စေတနာရှင် လုပ်အားပေးနည်းပြများနှင့် ကြီးကြပ်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားများပြောကြားပြီး စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုက်မရောမြို့ အထရံရပ်ကွက် အောင်သုခရပ်ကွက်ရှိ အခြေခံစာသင်ဝိုင်းသို့ သွားရောက်ပြီး စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးတွင် စာသင်ဝိုင်း ၈၉၇ ဝိုင်း ၊ နည်းပြ ၈၉၇ ဦး ၊ ကြီးကြပ် ၉၀၊ စာသင်သား ၁၃၄၅၀ တို့ဖြင့် ဖွင့်လှစ်သင်ကြားလျက် ရှိကြောင်း သိရသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငန်းတေးဝန်ထမ်းအိမ်ရာ ဝင်းအတွင်းရှိ သန္တိသုခဓမ္မာရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးလှထွန်းတို့က သန္တိသုခဓမ္မာရုံအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရအင်ကြင်းပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သက်နိုင် (မော်လမြိုင်)**

## ဟိုင်းကြီးကျွန်းမြို့၌ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်

**ဟိုင်းကြီးကျွန်း ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်စေရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၂၂ စု၌ ကျင်းပသည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဧပြီ ၈ ရက်မှ မေ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး တက်ရောက်လာသူများ သင်ကြားသင်ယူမှုအဆင်ပြေစေရေး ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များကလည်း ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း (ပြန်/ဆက်)**

*နိုင်ငံတကာသတင်း*

# ပဋိပက္ခဖြစ်ပွားချိန်အတွင်း ကျန်းမာရေးအဆောက်အအုံများနှင့် ဝန်ထမ်းများကိုကာကွယ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တောင်းဆို

**ဂျီနီဗာ ဧပြီ ၉**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲသည် ပဋိပက္ခဖြစ်ပွားနေချိန်အတွင်း ကျန်းမာရေးအဆောက်အအုံများနှင့် ဝန်ထမ်းများကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှုမှကာကွယ်ရန် တောင်းဆိုလိုက်သည်။

ဂျီနီဗာရှိ ကျန်းမာရေးအဖွဲ့ရုံးချုပ် ဆွေးနွေးပွဲ၌ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်အက်ဒဟာနွန်ဂီဘရီယက်စ်ဆုစ်က ဂါဇာ၊ ဆူဒန်နှင့် အီသီယိုးပီးယားတို့တွင် ကျန်းမာရေးအဆောက်အအုံများ ပျက်စီးခြင်းနှင့် ဝန်ထမ်းများထိခိုက်ခြင်းကို စံတစ်ခုလိုတွေ့မြင်နေရကြောင်း ပြောကြားခဲ့သည်။



အစ္စရေးက အကူအညီပေးရေးလုပ်သားများကို တိုက်ခိုက်မှုပြုလုပ်ပြီးနောက်ပိုင်းတွင် တက်ဒရော့စ်၏ ယခုလိုမှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။အစ္စရေး၏တိုက်ခိုက်မှုသည် နိုင်ငံတကာအထိနာကြည်းချက်များ ကူးစက်ပျံ့နှံ့ခဲ့ပြီး ယင်းတိုက်ခိုက်မှုအပေါ် ပြစ်တင်ဝေဖန်ရှုတ်ချမှုများလည်း ပြုလုပ်ခဲ့ကြသည်။ အကြမ်းဖက်တိုက်ခိုက်ခြင်းများသည် ဝန်ပိနေသည့် ကျန်းမာရေးစနစ်ကို ပိုမိုဆိုးရွားစေခဲ့ပြီး နာတာရှည်ရောဂါသည်များအတွက် စိတ်ပိုင်းဆိုင်ရာပြင်းထန်သော ခံစားမှုများကို ဖြစ်ပွားစေခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ပြောသည်။

လွန်ခဲ့သောနှစ်က ကျန်းမာရေးအဆောက်အအုံများကို တိုက်ခိုက်မှု ၁၄၀၀ ကျော် ပြုလုပ်ခဲ့သောကြောင့် သေဆုံးသူ ၇၄၂ ဦးရှိပြီး ထောင်ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ သိရသည်။

ထို့ကြောင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ဆေးရုံအဆောက်အအုံများသည် အကြမ်းဖက်ပဋိပက္ခများအတွင်း ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေညာချက်အရ အရေးပါလှကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အဆင့်မြင့်မဟာမင်းကြီး ဗော်ကာတာ့ခ်က တနင်္လာနေ့ဆွေးနွေးပွဲတွင် ပြောကြားသည်။

ပဋိပက္ခမဖြစ်ပွားသည့်ဒေသများတွင်လည်း ကမ္ဘာကြီးပူနွေးမှုသည် မိုးခေါင်ရေရှားခြင်းနှင့် ရေကြီးခြင်းတို့ကို ပိုမိုဆိုးရွားစေပြီး ကျန်းမာရေးနှင့် စားဝတ်နေရေးကို ထိခိုက်ပျက်စီးစေကြောင်း တာ့ခ်က ပြောသည်။

ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလွှမ်းခြုံဖြန့်ကြက်မှုကို တိုးမြှင့်သင့်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိရန်သည် လူ့အခွင့်အရေးဖြစ်ကြောင်းနှင့် နိုင်ငံရေးပြဿနာတစ်ရပ် မဟုတ်ပါကြောင်း ၎င်းတို့က ပြောသည်။

**ဆင်ဟွာ**

## ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ထိပ်သီးဆွေးနွေးပွဲများ တက်ရောက်ရန် အမေရိကန်သို့ ရောက်ရှိ

**ဝါရှင်တန် ဧပြီ ၉**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ဖိလစ်ပိုင်နိုင်ငံနှင့် သမိုင်းဝင်သုံးနိုင်ငံ ထိပ်သီးအစည်းအဝေး အပါအဝင် ဆွေးနွေးပွဲများ တက်ရောက်ရန် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေကြောင်း သိရသည်။ ဂျပန်ဝန်ကြီးချုပ်သည် ဧပြီ ၁၀ ရက်တွင် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် နှစ်နိုင်ငံဆွေးနွေးမှုများကို ကနဦးပြုလုပ်သွားဖွယ်ရှိသည်။ ဂျပန်၊ အမေရိကန်တို့သည် ကြာသပတေးနေ့တွင် ဖိလစ်ပိုင်နိုင်ငံနှင့် ပထမဆုံးအကြိမ် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးကို ပြုလုပ်သွားဖွယ်ရှိသည်။ ကီရှီဒါ၊ ဘိုင်ဒင်နှင့် ဖာဒီနန်မားကို့စ်ဂျူနီယာတို့သည် ရေကြောင်းလုံခြုံရေးကို အဓိကထားဆွေးနွေးသွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးတပ်ဖွဲ့ဝင်များ တပ်ဆုတ်သွားသောကြောင့် ပါလက်စတိုင်းများ နေရပ်ပြန်

**ခန်ယွန်နစ် ဧပြီ ၉**

ဂါဇာတောင်ပိုင်းရှိ ပါလက်စတိုင်းများသည် အစ္စရေးတပ်ဖွဲ့များက ၎င်းတို့၏ အိမ်နီးချင်းဒေသများကို ဗုံးကြဲတိုက်ခိုက်သည်ကို တွေ့ရှိခဲ့သောကြောင့် ထွက်ပြေးခဲ့ကြသည်။

အစ္စရေးတပ်ဖွဲ့များသည် ခန်ယွန်နစ်မြို့မှ ရုပ်သိမ်းသွားသည်ကို ပါလက်စတိုင်းများသိရှိခဲ့သောကြောင့် အများစုမှာ တနင်္လာနေ့က ၎င်းတို့နေထိုင်ခဲ့သည့် နေရာများသို့ ပြန်လာခဲ့ကြသည်။

အစ္စရေးတပ်မှူးများက မိမိတို့တပ်ဖွဲ့များသည် မြို့တွင်းစစ်ဆင်ရေးပြီးဆုံးသွားပြီဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ အစ္စရေးတပ်မှူးများက မိမိတို့တပ်ဖွဲ့ဝင်များသည် အနားယူအားဖြည့်ပြီး အနာဂတ်စစ်ဆင်ရေးများအတွက် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီး ယိုအာ့ဗ်ဂါးလန့်က ရာဖာစစ်ဆင်ရေးတွင် လူ ၁ ဒသမ ၅ သန်းနီးပါး ခိုလှုံခဲ့ကြောင်း ပြောသည်။

တပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားခြင်းကြောင့် တချို့ဒေသခံများ နေရပ်ပြန်လာခဲ့ကြောင်း၊ သို့သော်လည်း ၎င်းတို့နေအိမ်အပျက်အစီးများကိုသာ တွေ့ကြရကြောင်း၊ မိမိ၏နာကျင်မှုကိုဖော်ပြရန် စကားလုံးမရှိကြောင်း နေရပ်ပြန်အမျိုးသမီးတစ်ဦးက ပြောသည်။ မိမိတို့၏ အမှတ်တရများ၊ မိမိတို့၏အိပ်မက်များ၊ မိမိတို့၏ ငယ်ဘဝများနှင့် မိမိတို့၏မိသားစုများအားလုံး ပျက်စီးသွားပြီဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အမေရိကန်ညှိနှိုင်းရေးမှူးများသည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ဟားမားစ်စစ်သွေးကြွတို့ ဖမ်းဆီးထားသော ဓားစာခံများ ပြန်လွှတ်ပေးနိုင်မည်ဟု မျှော်လင့်နေကြသည်။ အိမ်ဖြူတော် အမျိုးသားလုံခြုံရေး ဆက်သွယ်ရေးအကြံပေး ဂျွန်ကာဘီက ဗဟိုထောက်လှမ်းရေးအေဂျင်စီညွှန်ကြားရေးမှူး ဘီလ်ဘမ်းန်သည် ဆွေးနွေးပွဲအတွက် ကိုင်ရိုသို့ ခရီးထွက်ခဲ့ကြောင်း ပြောသည်။ သို့သော်လည်း ဟားမားစ်အရာရှိများက အခြေအနေမှာ တိုးတက်မှုမရှိသေးကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် Grade - 7 နှင့် Grade - 10 ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာသင်ယူနိုင်ရန် သင်ခန်းစာများကို ထုတ်လွှင့်ပြသပေးမည်

**နေပြည်တော် ဧပြီ ၉**

၂၀၂၄-၂၀၂၅ ခုနှစ်၊ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education,Knowledge & Sports Channel နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် ဧပြီလ ၈ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲအချိန်နှင့် ညနေ ၆ နာရီမှ ၆ နာရီခွဲအချိန်တွင်လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲအချိန်နှင့် ည ၇ နာရီမှ ၇ နာရီခွဲအချိန်တွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။

**သတင်းစဉ်**

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ( ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဝိုင်းတက်) မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



# အစ္စလာမ်ဘာသာဝင်တို့၏ ဥပုသ်လတွင် ဥပုသ်စောင့်ထိန်းသူ၊ လှူဒါန်းသူများ များပြား

**မန္တလေး ဧပြီ ၉**

အစ္စလာမ်ဘာသာဝင်တို့၏ ရမ်ဇန်လမြတ် ဥပုသ်ကာလတွင် တစ်ကမ္ဘာလုံးရှိ အစ္စလာမ်ဘာသာဝင်တို့သည် တစ်နှစ်လျှင် တစ်လ ဥပုသ်စောင့်ထိန်း၍ လှူဒါန်းခြင်း၊ ဗလီများတွင် ဝတ်ပြုဆုတောင်းခြင်း၊ မိမိအိမ်နီးချင်း မိတ်ဆွေအပေါင်းအသင်းများအား စဉ်လာမပျက် ကျွေးမွေးလှူဒါန်းခြင်း၊ ဗလီများတွင် စုပေါင်းဝါဖြေ (ဥပုသ်ဖြေခြင်းများ) ပြုလုပ်ကြသည်။ ရှိဝါခေါ် အမဲစွပ်ပြုတ်များ၊ ကြက်စွပ်ပြုတ်များ ဝေငှလှူဒါန်းလျက်ရှိသည်။ မန္တလေးမြို့၌လည်း ဗလီများတွင် ဝတ်ပြုဆုတောင်းသူများ၊ အလှူအတန်းပြုလုပ်သူများ များပြားလျက်ရှိသည်ဟု သိရှိရသည်။ ဥပုသ်လသည် ဧပြီ ၁၀ ရက်တွင် ကုန်ဆုံးပြီး ဧပြီ ၁၁ ရက်တွင် ဝါကျွတ်အီးဒ်ပွဲတော် ကျင်းပကြမည်ဖြစ်သည်။

**ခင်ခင်ဝင်း (ပညာရေး)**



မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်းရှိ စလမဲသ်ဗလီတွင် ဧပြီ ၉ ရက် ဥပုသ်စောင့်သူများအား စားသောက်ဖွယ်များ ပေးဝေနေစဉ်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# မုဒုံမြို့ ကျေးရွာနေပြည်သူများထံ သောက်သုံးရေလှူဒါန်း

**မုဒုံ ဧပြီ ၉**

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ရပ်ကွက်/ ကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေမျှာ ပြတ်လပ်မှုမရှိစေရန်အတွက် မြို့နယ်မီးသတ်က ဧပြီ ၈ ရက်တွင် ပင်လယ်ဆိပ်ကမ်းအနီးအနားရှိ ကတုံးပေါ်ကျေးရွာနေပြည်သူများထံ သောက်သုံးရေများကို သွားရောက်လှူဒါန်းပေးသည်။

သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် မုဒုံမြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဖုန်းမြင့်အေး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် ကျေးရွာရှိဘုန်းကြီးကျောင်း ရေလှောင်ကန်နှင့် အိမ်ခြေ ၈၀ ကို ရေဂါလန် ၁၆၀၀ ကို အိမ်တိုင်ရာရောက် အခမဲ့ သွားရောက်လှူဒါန်းခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ အခြားရပ်ကွက်/ ကျေးရွာများတွင်လည်း သောက်သုံးရေများ အခက်အခဲရှိပါက ဆက်လက်သွားရောက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉ - ၄ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၀၅ ကျပ် | ၂၉၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၇၀၀ | ၁၀၅ | ၉၀၃၆၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၅၂ | ၁၅၀၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၇၃၄ | ၁၁၀၁၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၀၂ | ၂၆၅၂၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၂၄၄ | ၄၂၂၀၀၀ |
| AHPC | ၄၆၀၀ | ၄၆၀၀ | ၁ | ၄၆၀၀ |
| MAEPC | ၂၀၀၀ | ၂၀၀၀ | ၄၇၃ | ၉၄၆၀၀၀ |

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာနနှင့် အပူစွမ်းအင်သုံးစက်ရုံများဌာန လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန်အတွက် (မြန်မာကျပ်ငွေ)ဖြင့် ပစ္စည်းများအား (DDP At Site) အရောက်ဝယ်ယူရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | 01/EPGE/(REHP) 2024-2025 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ/ ချောဆီ (၄)မျိုး ဝယ်ယူခြင်း။ |
| (ခ) | 02/EPGE/(REHP) 2024-2025 | အထက်ပေါင်းလောင်းစက်ရုံအတွက် Tractor with Front Blade (1) No. ဝယ်ယူခြင်း။ |
| (ဂ) | 03/EPGE/(REHP) 2024-2025 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၇)ရုံအတွက် စက်မှုပိုင်း ဆိုင်ရာ စက်အရံပစ္စည်း(၇)မျိုး ဝယ်ယူခြင်း။ |
| (ဃ) | 04/EPGE/(REHP) 2024-2025 | ကွန်းချောင်းဓာတ်အားပေးစက်ရုံရှိ ဖိအားမြင့်ပိုက်လိုင်း (High Pressure Pipe Line) အပြင်ဘက်ဧရိယာ သံချေးချွတ်ခြင်းနှင့် ဆေးသုတ်ခြင်း၊ (Sand Blasting & Painting) (ဧရိယာ 2198.57 $m^2$) |
| (င) | 05/EPGE(GT)/ 2024-2025 | ရွာမနှင့် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအတွက် 110V DC, 125V DC (300Ah) Battery Banks (2) Items ဝယ်ယူခြင်း။ |
| (စ) | 06/EPGE(GT)/ 2024-2025 | ရွာမသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံအတွက် Spare Parts for 500HP Starting Diesel Engine (1) lot ဝယ်ယူခြင်း။ |
| (ဆ) | 07/EPGE/(REHP) 2024-2025 | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၄)ရုံအတွက် လျှပ်စစ်ပိုင်း ဆိုင်ရာ စက်အရံပစ္စည်း(၄)မျိုး ဝယ်ယူခြင်း။ |
| (ဇ) | 08/EPGE/(REHP) 2024-2025 | ဇော်ဂျီ(၁)ဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၄)မျိုး ဝယ်ယူခြင်း။ |
| (ဈ) | 09/EPGE/(REHP) 2024-2025 | ကင်းတားဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၃)မျိုး ဝယ်ယူခြင်း။ |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀) နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။
၃။ တင်ဒါပိတ်ရက်နှင့် အချိန် - ၃၀-၄-၂၀၂၄ ရက်နေ့၊ (၁၃:၀၀)နာရီ
၄။ တင်ဒါလက်ခံမည့်နေရာ - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
၅။ တင်ဒါပုံစံများအား သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal **(www.moep.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**(ဖုန်း-၀၆၇-၈၁၀၄၂၇၉)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1I/3671 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၊ စ-၄-နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၃၉လမ်း-၇၃)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၁၉၂V၄အား ၂၀၁၈-၂၀၁၉အရ (၇-၄-၁၉၉၄)မှ (၆-၄-၂၀၂၄)ထိ ဦးဝင်းထွဋ်အောင်၊ ဒေါ်ဝင်းလဲ့ဖြူ အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ် ရရှိထား သောမြေအား ဦးဝင်းထွဋ်အောင်၊ ဒေါ်ဝင်းလဲ့ဖြူမှ မြေငှားစာချုပ်စက်မှုစီးပွား( သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် စက်မှုစီးပွား(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၃၊ ထန်းတော)၊ ဦးပိုင်အမှတ်(၁၄/၂၁)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား အမှုတွဲအမှတ် ၈၈၃/၁၉၉၆အရ (၃-၁၀-၁၉၉၆ မှ ၂-၁၀-၂၀၂၆)ထိ ဦးအောင်တင့်-ဒေါ်ခင်အေးအမည်ဖြင့် (၃၀)နှစ်မြေငှားစာချုပ်ရရှိထားသော မြေအနက်မှ ဦးပိုင်အမှတ်(၁၄/၂၁- က)၊ ဧရိယာ(၀ဒသမ ၀၄၃)ဧကရှိမြေအား ဦးတင်ထက်ဦးအမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အောင်ပင်လယ် စာသင်တိုက်
## သင်္ကြန်တွင်း နေ့အချိန်ပိုင်း မိုးကုတ်တရားစခန်းပွဲ

သင်္ကြန်တွင်း နေ့အချိန်ပိုင်း မိုးကုတ်တရားစခန်းပွဲကို (၁၃-၄-၂၀၂၄) ရက်မှ (၁၇-၄-၂၀၂၄) ရက်အထိ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၂)ဝိုင်း၊ အောင်ပင်လယ်စာသင်တိုက်တွင် နေ့စဉ်နံနက် (၇:၃၀) နာရီမှ ညနေ (၅:၃၀) နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြိုတင်စာရင်း ပေးသွင်းနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အောင်ပင်လယ် စာသင်တိုက်**
**ဖုန်း-၀၉-၄၂၅၀၀၈၄၄၆ ၀၉-၇၆၇၆၇၆၆၃၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကရင်ပြည်နယ်အစိုးရအဖွဲ့
## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
## ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဘားအံမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရ အဖွဲ့၏ (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်၊ မြို့နယ်(၅)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းတံတား၊ ရေရရှိရေးနှင့် အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၁-၄-၂၀၂၄)ရက်၊ (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - (၃၀-၄-၂၀၂၄)ရက်၊ (အင်္ဂါနေ့) ညနေ(၁၆:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - (၇-၅-၂၀၂၄)ရက်၊ (အင်္ဂါနေ့) ညနေ(၁၆:၃၀)နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဘားအံမြို့

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၁၁၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ-၈)၊ ဦးပိုင်အမှတ် (၂၇)၊ ၆၁ x ၆၂လမ်းကြား၊ ကျန်စစ်သား x ဗန္ဓုလလမ်းကြားရှိ ဦးသောင်းအေး အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်)ဦးသောင်းအေး (မိခင်) ဒေါ်သိန်းဟန်(အစ်ကို)ဦးကျော်သန်း (လူပျိုကြီးဘဝ)ဖြင့်လည်းကောင်း အသီးသီးကွယ်လွန်၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၆၅၀/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် သားဖြစ်သူ ဦးကျော်ဆန်း ၉/မနတ(နိုင်)၀၆၃၃၄၅ ၏ (GPရရှိသူ ဒေါ်အိအိချော) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၀၁၆/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၈)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၁x၆၀.Bလမ်း၊ အနော်ရထာလမ်း x အောင်ဇေယျလမ်းကြားရှိ တကက ဇော်လတ် အမည်ပေါက်တောဂရန်မြေကွက်အား (ဖခင်) ဦးဇော်လတ် (မိခင်) ဒေါ်အေးအေးမြင့် (သား) ဦးငြိမ်းချမ်းထွေး(ခ)ခွန်အောင် (လူပျိုဘဝ)ဖြင့်လည်းကောင်း အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၁၁/၂၀၂၄ ဖြင့် အမွေဆက်ခံခဲ့သည့် သားသမီးများဖြစ်သော ဒေါ်ဇင်မာလတ် ၁၂/မဂဒ(နိုင်)၁၁၃၇၂၄၊ ဒေါ်သန္တာဇော် ၁၂/မဂဒ(နိုင်)၁၁၃၇၂၄ တို့၏(GPရရှိသူ ဦးစိန်ကြိုင်) တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၀၀၀၃/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ အောင်ပန်းမြို့၊ ရွာငံစုရပ်ကွက်၊ ဗထူးလမ်း၊ အိမ်အမှတ်(၁၃၈)နေ ဒေါ်မိမိနိုင်(ဘ)ဦးသူငယ် ၁၃/ကလန(နိုင်) ၀၂၀၀၇၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မိမိနိုင်၏ သားဖြစ်သူ ကိုခန့်ဝေဟင်ထက်(ဘ) ဦးဝင်းလှိုင် ၁၃/ကလန(နိုင်) ၁၂၁၂၀၆သည် မိဘများအား ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန်နှင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အပြင် မိခင်ကြီး ဒေါ်မိမိနိုင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ (၆-၄-၂၀၂၄)ရက်တွင် နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမိနိုင်သည် ကိုခန့်ဝေဟင်ထက်အား သားအဖြစ် မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါ၍ လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ၊ ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမိနိုင်မှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မိမိနိုင်**
**၁၃/ကလန(နိုင်) ၀၂၀၀၇၇**
**အမှတ်(၁၃၈)၊ ဗထူးလမ်း**
**ရွာငံစုရပ်ကွက်၊**
**အောင်ပန်းမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်းကျော် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၄/၂၀၁၃)
အမှတ်(၆၄၂)၊ မြို့ဟောင်းရပ်ကွက်၊ အောင်ပန်းမြို့၊
ဖုန်း-၀၉-၄၁၀၀၉၈၉၄

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 12(T)DPTSC(PSD)/24-25 | မဟာဓာတ်အားလိုင်းများ အရေးပေါ်ပြုပြင်နိုင်ရန်အတွက် Galvanized Steel Tower များဝယ်ယူရန်။ |
| ခ | 13(T)DPTSC(MP)/24-25 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် Four Wheel Tractor (95 HP), Four Wheel Tractor (57 HP) နှင့် 5-Tons Forkift ဝယ်ယူရန်။ |
| ဂ | 14(T)DPTSC(PTP)/24-25 | ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရန်။ |
| ဃ | 15(T)DPTSC(PTP)/24-25 | ဖဖကေဗွီ မော်လမြိုင်-မော်လမြိုင်လေဆိပ် ဓာတ်အားလိုင်း(၂၀)မိုင်အတွက် လိုအပ်သော ကွန်ကရစ်ကျောက်တိုင်များ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၀-၄-၂၀၂၄) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။
၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

### ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YBPC) ကုမ္ပဏီသို့ အစုရှယ်ယာ ပြန်လည်ရောင်းချရန် ဆန္ဒရှိ၍ လျှောက်ထားသော အစုရှယ်ယာရှင်များထံမှ အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းကို အတည်ပြုမည့် အထူးအထွေထွေအစည်းအဝေး ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာ

(မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၁၂၁၊ ပုဒ်မခွဲ (ဃ) အရ)

၁။ ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YBPC) သည် ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၁၂၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) မှ (၃) အထိ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်၍ YBPC ကုမ္ပဏီမှ ဖြည့်စွက်ရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံ စည်းမျဉ်းစည်းကမ်းများကို လိုက်နာ၍ ကုမ္ပဏီသို့ အစုရှယ်ယာရောင်းချရန် ဆန္ဒပြုမည့် အစုရှယ်ယာ (၁) စုမှ (**၁,၀၀၀**) စု အထိ ပိုင်ဆိုင်သော ပြန်လည်ရောင်းချရန် ဆန္ဒရှိသူ အစုရှယ်ယာရှင်များထံမှ တစ်စုလျှင် ငွေကျပ် (၁၀၀,၀၀၀) **(ကျပ်တစ်သိန်း)** နှုန်းဖြင့် အစုရှယ်ယာများ ရွေးချယ်ဝယ်ယူခြင်း နှင့် စပ်လျဉ်း၍ **အထူးဆုံးဖြတ်ချက်** ချမှတ်ရန် **အထူးအထွေထွေအစည်းအဝေး** (SGM)ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့်အညီ **၂၀၂၄ခုနှစ် ၊ မေလ (၃၁) ရက် ၊ သောကြာနေ့၊ နံနက် (၁၀:၀၀) နာရီတွင် Onlineစနစ်ဖြင့် ကျင်းပပြုလုပ်ရန် ရည်ရွယ်** စီစဉ်ထားပါသည်။

၂။ ကုမ္ပဏီသည် အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏ ကုမ္ပဏီများ မှတ်ပုံတင်အရာရှိထံသို့ **တင်ပြဆောင်ရွက်ပြီး** ဖြစ်ပါသည်။ အစုရှယ်ယာပြန်လည်**ရောင်းချရန်** **အဆိုပြုလျှောက်လွှာများကို** အစည်းအဝေး **ဖိတ်စာနှင့်အတူပေးပို့**သွားမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာများ **စတင်လက်ခံမည့်နေ့ရက်နှင့် နောက်ဆုံးထား**လက်ခံမည့်နေ့ရက်ကို **ထပ်မံကြေညာ**ပေးမည် ဖြစ်ပါသည်။

၃။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ မရှင်းလင်းသည့်ကိစ္စများ၊ စုံစမ်းမေးမြန်းရန်ကိစ္စများ ရှိပါက ကုမ္ပဏီမှတ်ပုံတင်ရုံးခန်းတည်ရှိရာ အကွက်အမှတ် (၁မှ၅)၊ မင်းရဲကျော်စွာလမ်း၊ ဒဂုံတက္ကသိုလ်အနီး (သံလမ်းဘေး YBPC ကားဝင်း)၊ ၁၁၈ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ၊ **ရုံးဖွင့်ရက်၊သတ်မှတ်အချိန်** (နံနက်- ၁၀း၀၀ မှ ၁၂:၀၀နာရီ - နေ့လည်-၁:၀၀ မှ ၃:၃၀ နာရီအချိန်) အတွင်း ဖုန်းနံပါတ် ၀၉ -၂၆၄၈၂၄၂၆၂၊ ၀၉-၇၆၆၀၂၉၂၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (အစုရှယ်ယာလက်မှတ်တွင် ဖော်ပြထားသော လိပ်စာနှင့် အစုရှယ်ယာရှင်ဆက်ခံခွင့်ပြောင်းလဲမှု) ရှိပါက ကုမ္ပဏီသို့ ဆက်သွယ်၍ တရားဝင် လျှောက်ထားရန် လိုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ စိန်ချယ်ရီလမ်း၊ မြေကွက်အမှတ် (၄၂၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသူရကို(၇/သကန (နိုင်) ၀၈၇၉၀၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးသူရကိုထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တည်ဆောက်ရေး လုပ်ငန်း (၅)ခု၊ အုတ်ခြံစည်းရိုး (၁)ခု၊ အကြီးစားပြင်ဆင်ခြင်း (၁)ခု၊ မီးငြှိမ်းသတ်ရေးစက်ပစ္စည်းကိရိယာ (၉)ခု၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာ(၂)ခု၊ ရုံးသုံးစက်ပစ္စည်းကိရိယာ(၁)ခုနှင့် အခြားစက်ပစ္စည်း(၂)ခုတို့အား ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် သိရှိလိုသည် များကို အောက်ပါလိပ်စာနှင့် ဖုန်းများတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - (၂၂-၄-၂၀၂၄)ရက်
တင်ဒါပုံစံနောက်ဆုံး ရောင်းချမည့်ရက် - (၃-၅-၂၀၂၄)ရက်
တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၁၂၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး

(တင်ဒါဖောင်ပြန်လည်တင်ရမည့်ရက်အား အကြောင်းကြားသွားပါမည်)

တင်ဒါကော်မတီ
ဖုန်း-၀၉-၄၂၀၀၆၇၈၉၅
၀၉-၄၀၁၆၇၅၈၀၀

## ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းအုပ်စုအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအုပ်စု | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | Lot-1 | အသုတ်နယ်မြေမီးသတ်စခန်း အဆောက်အဦ(သံကူကွန်ကရစ်) (၄၅'×၅၀'×၂၆')ပေ(၂)ထပ်(ရေသန့်လျှပ်စစ်ပါ)၊ ပြင်ပရေ/ မီးရရှိရေးလုပ်ငန်း |

၂။ အဆိုပါလုပ်ငန်းအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁၀-၄-၂၀၂၄ ရက်နေ့မှ စတင်ဝယ်ယူနိုင်ပြီး ၂၃-၄-၂၀၂၄ ရက်နေ့ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ၏ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဧရာဝတီတိုင်းဒေသကြီး ဖုန်း ၀၄၂-၂၀၂၅၂၉၆
မီးသတ်ဦးစီးမှူးရုံး ဖုန်း ၀၄၂-၂၀၂၁၁၂၂

တင်ဒါကော်မတီ
ဧရာဝတီတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် (၇၂+၇၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁)ကေ အကျယ်အဝန်းရှိ ဦးရန်ချီဟွေး အမည်ပေါက် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ၎င်းတို့၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကြည်ကြည်ဝင်းက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းအေး(အထက်တန်းရှေ့နေ)
စဉ်(၅၂၁၅၀/၃၁-၁၂-၂၀၁၉)
၅၄-စီလမ်း၊ ၁၀၅ x ၁၀၆ လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၄၂၀၈၈၇၈၅၅၊ ၀၉-၇၈၅၆၇၂၃၅၂




## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေမိန့် ၅၊နည်းဥပဒေ-၂၀)
## ဘားအံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ဘီဂျီမိုက်ခရိုဖိုင်းနန့်စ် မြန်မာကုမ္ပဏီလီမိတက် (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးကိုကိုကြီး) **(တရားလို)** နှင့် ၁။ ဦးအောင်အောင်မိုး ၂။ ဦးမင်းသက်စံ **(တရားပြိုင်များ)**

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာနေ ဦးမင်းသက်စံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုကုမ္ပဏီပိုင် ငွေကျပ်(၉၆၁၇၉၀၀၀ိ/-) (သိန်းကိုးရာခြောက်ဆယ့်တစ်သိန်း ခုနှစ်သောင်းကိုးထောင်ကျပ်တိတိ)နှင့် ကုမ္ပဏီ၏ အကျိုးအမြတ်ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးငွေကျပ် (၈၀၇၉၀၃၆၀ိ/-) (သိန်းရှစ်ရာခုနစ်သိန်း ကိုးသောင်းသုံးရာ့ခြောက်ဆယ်ကျပ်တိတိ)၊ စုစုပေါင်းငွေကျပ် (၁၇၆၉၆၉၃၆၀ိ/-) (သိန်းတစ်ထောင့်ခုနှစ်ရာခြောက်ဆယ့်ကိုးသိန်းခြောက်သောင်းကိုးထောင်သုံးရာ့ခြောက်ဆယ်ကျပ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်ရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းဇင်ဝေသော်)
ဒုတိယခရိုင်တရားသူကြီး
ဘားအံခရိုင်တရားရုံး

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း အမှတ်(၁၂/၂ခ)၊ ဦးပိုင်အမှတ်(၃၁/က)၊ မြေဧရိယာ၀ ဒသမ ၀၉၂ ဧကရှိ မြေကွက်သည် မူလက ဒေါ်တိန်ကော့ကိုင်ဂျား အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၃၅၀၆/V၁၉၈၉-၁၉၉၀ အရ ၃၀-၆-၂၀၂၀ ရက်ထိ နှစ်(၃၀)မ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်တိန်ကော့ကိုင်ဂျားနှင့် ခင်ပွန်းဦးလဂျာတို့ (၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ တစ်ဦးတည်းသောသမီး ဒေါ်ကော့ဂျာက ၆-၉-၂၀၂၃ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၀၈/၂၀၂၃)အရအမွေ ဆက်ခံပိုင်ဆိုင်ခဲ့ပြီး၁၅-၁၁-၂၀၂၃ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင် အမှတ် (၅၃၁/၂၀၂၃) အရ ဒေါ်ခေါန်မိုင် ၁/ကမန(နိုင်)၀၄၉၂၆၆ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခေါန်မိုင် အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ငွေတောင်သစ္စာလမ်း၊ မြေကွက်အမှတ်(၉၈၇)ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏စတုတ္ထထပ် (ခြေရင်းခြမ်း) (၅လွှာ)၊ တိုက်ကို မျက်နှာမူသော် ဘယ်ဘက်ခြမ်း ၊အကျယ်အဝန်းပေ (၁၇ x ၅၄) ရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုကန်ထရိုက်တာ ဦးကျော်ကျော်သိန်း ၁၂/မဂတ(နိုင်)၁၁၄၃၅၁ထံမှ ဝယ်ယူပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟန်ဇော်မျိုး ၁၂/ရပသ(နိုင်)၀၅၄၉၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မေသန်းထွေး၁၂/ဒဂမ(နိုင်)၀၂၆၃၆၈ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်မာသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်လွင်မာထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(၁၄၃၂၁/၂၇-၄-၁၈)
(၂၅၄)၊ သရဖီ(၃)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉ -၄၄၈၀၀၃၃၄၊ ၀၉-၇၉၅၄၂၀၅၈၈

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇/ရွှေပေါက်ကံ)၊ ဓတ္တာလမ်း ၊ မြေကွက်အမှတ်( ၁၄၈ ) ၊ အကျယ်အဝန်း ( ၄၀ပေ× ၆၀ပေ )ရှိ ဒေါ်ဝင်းဝင်းမော် ( V/RGN-၀၀၉၀၃၄ )အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးတင်ရွှေ ( ၁၂/ဗဟန(နိုင်) ၀၃၉၈၂၆ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးထိန်လင်းသန်း (LL.B, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပြည့်ပြည့်ဖြိုး (LL.B, D.B.L, D.I.P.L) တရားလွှတ်တော်ရှေ့နေ (စဉ် ၁၄၂၀၄)
အမှတ်( ၇၂၅ )၊ ပြည်သာယာ(၂)လမ်း၊ ( ၃၂ ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ရန်ကြော်ငြာခြင်း

အောက်ပါလျှောက်ထားသူအား (၆)လက်မ စက်ရေတွင်း(၆)တွင်းနှင့် (၈)လက်မ စက်ရေတွင်း(၂)တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လျှောက်ထားသူ** - ဦးအောင်ချမ်းသာ ၁၂/အစန(နိုင်)၀၁၁၁၆၆
Technical Manager Emerald
Brewery Myanmar Ltd.

**တူးဖော်မည့်နေရာ** - ကွင်းအမှတ်(၄၉၈)ကွင်းတလဘောင်အရှေ့ကွင်း၊ တံခွန်တိုင် (အင်းစိန်)ကျေးရွာအုပ်စု၊ လှည်းကူးမြို့နယ်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ် (၁၁၃/က)၊ မြေဧရိယာ ၀ ဒသမ ၀၅၂ ဧကရှိ မြေကွက်သည် မူလက ဦးအောင်မြတ်၊ ဒေါ်ဘောက်မိုင် (၂)ဦး အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ် (၁၁၃/ခ)၊ မြေဧရိယာ၀ ဒသမ ၀၅၈ ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်ဆွေဝင်း၊ ဦးအောင်လင်းထွန်း(၂)ဦးအမည်ဖြင့်လည်းကောင်း နှစ်(၃၀)မြေငှားဂရန်အသီးသီး ရရှိခဲ့ပါသည်။ ဒေါ်ခင်ဆွေဝင်းနှင့် ဦးအောင်လင်းထွန်း (၂)ဦးတို့က ၂၂-၁-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၀၃၈/၂၀၂၄)အရ ဦးပိုင်အမှတ်(၁၁၃/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ မြေကွက်အား ဦးအောင်မြတ် ၁/ဝမန(နိုင်)၀၈၇၃၃၂၊ ဒေါ်ဘောက်မိုင်၁/ဝမန(နိုင်)၀၄၇၂၉၀ (၂)ဦးထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအောင်မြတ် ပါ(၂)ဦး အမည်ဖြင့် ဦးပိုင်အမှတ်(၁၁၃/က)နှင့် ဦးပိုင်အမှတ်(၁၁၃/ခ)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအား မြေငှားဂရန် (ဦးပိုင်ပေါင်း/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြစ်ကြီးနားမြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက် အမှတ်(၃၁၉/၃၂၀)၊ ဦးပိုင်အမှတ်(၆)၊ အောက်ကမ်းနားလမ်းနှင့် ကမ်းနားလမ်း(မြို့ပတ်လမ်း)တို့ကြား၊မြို့တော်ဥယျာဉ်တောင်ဘက်အနီးရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်နိုင်ဦး ၉/မနတ(နိုင်)၁၀၂၀၉၉၊ ဒေါ်ထားထားမြိုင် ၉/မနတ(နိုင်)၁၀၂၈၁၂ တို့က အမှုတွဲအမှတ် ၀၀၂၁/ ၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချသော မြရည်နန္ဒာအိမ်ရာ၊ ဒေါ်ဆွေဆွေမြင့် ၉/မနမ(နိုင်)၀၃၄၄၈၉ အမည်ပေါက် တိုက်ခန်း မမ-၁၆၊ တိုက်(၁၉)၊ အခန်း(၃၀၃)၊ တတိယထပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့် ၉/အမရ(နိုင်)၀၀၄၂၆၅ က အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (မန္တလေးဘဏ်ခွဲ)သို့ တိုက်ခန်းတန်ဖိုးငွေအားလုံးကို အပြေအကျေ ပေးဆပ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါ တိုက်ခန်း၏ အမည်ပေါက်စာအုပ်အား ထုတ်ယူရန်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြည်ဇာလင်း(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၀၅ )
အိမ်အမှတ်(၈၅/က)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၅၆၁၅၆၈၀၇၊ ၀၉-၇၉၄၅၀၀၀၁၂

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/5760 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲထွန်းအောင် ၁၂/ဥကတ(နိုင်)၁၆၃၇၃၂ ကိုင်ဆောင်သော CDC-95755 ၏ RESULT SHEET သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၉၂၉၆၅၇၈၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/1683 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စိုးဌေး ၁၀/မလမ(နိုင်) ၂၂၇၄၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၄၅၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးစံသိန်း ၁၀/မဒန(နိုင်)၀၂၈၇၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၈၂၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၂၄၇၂၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃင်္န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ မြေကွက်အမှတ်( ၁၇၄ )ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ( ၆လွှာ ) (ခြေရင်းခန်း)၊ အကျယ်အဝန်း( ၁၂ပေခွဲ× ၅၀ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရည်မွန်သန့် ( ၁၄/မအန(နိုင်)၁၈၁၂၀၇ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထက်ကျော်ဦး (၁၂/ဥကတ(နိုင်) ၁၉၄၈၄၇ ) ကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

အမှတ်(၇၂၅)၊ ပြည်သာယာ ( ၂ ) လမ်း၊ ( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက် အမှတ်(ဒ-၄၂၅၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ယဉ်ယဉ်ဝင်း (ဘ) ဦးထွန်းဦး ၁၂/မဂဒ(နိုင်)၀၅၄၈၁၀ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ယွင်ယွင် (ဘ)ဦးအားရင် ၁၃/လရန(နိုင်)၁၉၅၆၄၃ မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှား စာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5W/ 6799 Hi Bird 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန်း ၉/မရမ(နိုင်)၀၈၂၈၃၈က (ကမ-၃ )ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/39048 Honda Scoopy ယာဉ်လက်ဝယ်ရှိသူ Shwe Myaing Taung Tan Co.,Ltd ၈၅လမ်း၊ ၃၇လမ်းထောင့် ပက/မြေက (ကမ-၃ )ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက် အမှတ်(၇၂၇)၊ ဦးပိုင်အမှတ်(၇)၊ ၇၃လမ်း၊ ၂၆x၂၇ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်မိုးမိုးအေး၊ ဦးမင်းဟန်ဦး၊ ဦးရန်လင်းနိုင်တို့၏ (GP/SPရရှိသူ ဒေါ်ထားထားနိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၄၁၇၆/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးမြကျော်စွာဝင်း ၉/မနမ(နိုင်)၀၃၁၁၁၄ က အမှုတွဲအမှတ် ၀၀၀၉/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ ၇၄ လမ်းနှင့် မြို့ပတ်လမ်းထောင့်ရှိ Garden City အိမ်ရာ (Tower-16)အခန်းအမှတ်(၇၀၅)၊ ဧရိယာ(၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးငြိမ်းစည်သူ ၉/ပဥလ(နိုင်)၀၂၆၆၈၀ နှင့် ဒေါ်သင်းလဲ့ရည် ၁၄/ပသန(နိုင်)၁၉၉၇၈၃ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တရားဝင် စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ယခုကြေငြာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်နွေးယုအောင် (LLB)** | **ဒေါ်ယဉ်မင်းအေး (HGP, PGDL)** |
| (စဉ်-၈၈၉၁) | (စဉ်-၁၈၅၃၁) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

(ယ-၃/၃၀) ၊ ၇၁(စီ)လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြား၊
ပြည်ကြီးတံခွန်မြို့ နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၀၃၁၄၄၊ ၀၉-၉၇၉၈၅၇၄၂၄

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ ရေတွင်းရပ်နေ၊ ဒေါ်ယဉ်ယဉ်စိုး (ဘ) ဦးစိုးဆင့် ၉/သပက(နိုင်)၀၂၅၅၈၈ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာအုပ်စု၊ ဇရပ်ကွင်းကျေးရွာ၊ အမှတ်(၅)ရပ်ကွက် ဦးပိုင်အမှတ်(၁၀) ဧရိယာ ပေ(၆၀ x ၈၀) အကျယ်အဝန်းရှိ အရှေ့လားသော် ဦးသန်းမောင်၏ နေအိမ်အစပ်၊ အနောက်လားသော်-လမ်းမြေအစပ်၊ တောင်လားသော်-ကျေးရွာအုပ်ချုပ်ရေးမှူးရုံး မြေအစပ်၊ မြောက်လားသော်-လမ်းမြေအစပ်စသည့်နယ်လေးရပ် သတ်မှတ်သည့်အတွင်းတွင် တည်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်(၂)ထပ် အဆောက်အအုံ အပါအဝင် ရေ+မီးအစုံအလင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်စိုး လက်ရှိပိုင်ဆိုင်လျက်ရှိသော မြေနှင့်အဆောက်အအုံဖြစ်ပါကြောင်း အဆိုပါမြေကွက်နှင့်တကွ ပိုင်ဆိုင်မှု အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းများ၊ အခြား တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းများ တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ချက်အရ-** |
| **ဒေါ်ယဉ်ယဉ်စိုး** | **ဒေါ်မီမီလှိုင်(LL.B)** |
| **၉/သပက (နိုင်)၀၂၅၅၈၈** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၈၈၉၃(၂၁-၃-၂၀၁၃)** |
| | **ညည-၆၅၊ ၂၆သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း-၀၉-၄၂၀၇၃၉၅၁၈** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်၊ အကွက်(၃၈၆)၊ နေပူရွာရပ်နေ ဦးမျိုးမင်းသန့် ၉/မဟမ(နိုင်)၀၃၅၈၅၀ ဒေါ်မာမာငွေး ၉/မဟမ(နိုင်)၀၂၈၇၈၂ တို့၏သားဖြစ်သူ မောင်ဇေယျာဖြိုး(ခ)ပေါက်ကြီး ၉/မဟမ(နိုင်)၀၄၇၂၇၈ သည် မိဘများ၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိဘများစိတ်ဆင်းရဲစေသည့် လုပ်ဆောင်မှုများကို အကြိမ်ကြိမ် ပြုလုပ်ဆောင်ရွက်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ**
**ဦးမျိုးမင်းသန့်-ဒေါ်မာမာငွေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာန ၊ PET/CT and Cyclotron Center ရှိ Cyclotron and QC Lab တွင် လိုအပ်သော Consumables များနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့ရှိ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနများအတွက် လိုအပ်သော အဏုမြူရောင်ခြည် ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ် - 4DMS/2024- 2025(L) အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - (၁၀-၄-၂၀၂၄) ရက် (ဗုဒ္ဓဟူးနေ့)
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - (၃၀-၄-၂၀၂၄) ရက်၊ မွန်းတည်း(၁၂:၀၀)နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော Linear Accelarator စက်များအား ဝယ်ယူရန် တင်ဒါ အမှတ်-1DMS(2024-2025)(L) ဖြင့်လည်းကောင်း၊ Ambulance များအား ဝယ်ယူရန် တင်ဒါအမှတ်-2DMS (2024-2025)(L) ဖြင့်လည်းကောင်း၊ CT Simulator စက်အား ဝယ်ယူရန် တင်ဒါအမှတ်-3DMS(2024-2025)(L)ဖြင့်လည်းကောင်း တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - (၁၀-၄-၂၀၂၄) ရက် (ဗုဒ္ဓဟူးနေ့)
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - (၃၀-၄-၂၀၂၄) ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြို့တော်သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် မြေယာရှုခင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၁၀)ခု၊ MICC 1 နှင့် MICC 2 မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း

**တင်ဒါပုံစံ ထုတ်ပေးမည့်ရက်** - ၁၀-၄-၂၀၂၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၆-၄-၂၀၂၄ ရက်၊ ၁၆:၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်-

ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း ၀၆၇-၃၄၃၂၄၉၁

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၄-က)၊ ထုံးဘိုရပ်၊ ဦးပိုင်အမှတ်(၇၈/ဇ-၂)၊ မြေကွက်အမှတ်(၂/၂၃၄-A)၊ မြေဧရိယာ ၀ ဒသမ ၁၇၂ ဧက ဂရန်ပါမြေကွက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ RC(၁)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ သွယ်တန်းထားသော အရပ်ရပ်အားလုံး ယင်းမြေပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးမြင့်ဝင်း (ကွယ်လွန်)နှင့် ဒေါ်အိယဉ်မင်း ၈/မကန(နိုင်)၀၀၅၀၈၂ ထံမှ ကျွန်မ ဒေါ်ဝါဝါလွင် ၉/အမရ(နိုင်)၀၅၇၃၆၀ (ဘ) ဦးစောနိုင် ဝယ်ယူမည်ဖြစ်ပါသည်။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည်။

ဝယ်ယူသူ-
ဒေါ်ဝါဝါလွင်
ဖုန်း-၀၉-၂၅၈၀၄၄၇၁၄

## အသိပေးကြေညာခြင်း

ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည် (၃၀-ပိတောက်ရွှေဝါ)၊ မြေကွက်အမှတ်(၆၀)၊ ဧရိယာ ၀ ဒသမ ၀၄၆ဧကပေ(၄၀ x ၆၀)ရှိ မြေကွက်မှာ ဦးသက်ဦးမောင် ၉/မမန(နိုင်)၀၁၃၆၂၂ (ဘ) ဦးစန်းမောင်မှ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ကော့သောင်းခရိုင် အေးချမ်းသာယာရေးကောင်စီမှ ရှေးဦးမြေပေးအမိန့်ဖြင့် ရရှိထားသော မြေကွက်ဖြစ်ပြီး ယခု အချိန်တွင် ၎င်းရှေးဦးမြေပေးအမိန့်မှာ ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာ အစိုးရဌာနများသို့ အသိပေးအကြောင်းကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ ရှေးဦးမြေပေးအမိန့်မိတ္တူအား သက်ဆိုင်ရာအစိုးရဌာနတွင် ပြန်လည် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးသက်ဦးမောင် ၉/မမန(နိုင်)၀၁၃၆၂၂**
**အမှတ်(B/49)၊ ပိတောက်ဝါ(၄)လမ်း၊ အမှတ်(၄)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်။**
**ဖုန်း-၀၉-၈၈၆၆၆၆၀၅၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊
## တောင်တွင်းကြီးမြို့
## ရက်စွဲ-၂၀၂၄ခုနှစ်၊ ဧပြီလ (၁) ရက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံးမှ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း အသုံးစရိတ်ခေါင်းစဉ်အောက်မှ ကျခံဆောင်ရွက်မည့်လုပ်ငန်းအတွက် လိုအပ်သော သံချောင်းလုံး (ဆိုဒ်စုံ)အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး (၃)၊ ငွေစာရင်းဌာနစိတ်တွင် ဖုန်း-၀၆၃-၂၀၅၁၁၄၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ပစ္စည်းတန်ဖိုးပေါ်မူတည်၍ သတ်မှတ်နှုန်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ တောင်တွင်းကြီးမြို့၊ ငွေစာရင်းဌာနစိတ်တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါနှင့်ပတ်သက်သော အချက်အလက်များ**

| | |
|---|---|
| (၁) **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁-၄-၂၀၂၄ရက်မှ ၂၀-၄-၂၀၂၄ရက် (ရုံးချိန်အတွင်း) |
| (၂) **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** | - ၂၂-၄-၂၀၂၄ရက်(ရုံးချိန်အတွင်း) |
| (၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၂၅-၄-၂၀၂၄ရက်၊နံနက်(၉:၃၀)နာရီ |
| (၄) **တင်ဒါတင်သွင်းရမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ တောင်တွင်းကြီးမြို့ |
| (၅) **တင်ဒါဖွင့်မည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊တည်ဆောက်ရေး (၃)၊ ဆည်မြောင်းဓမ္မာရုံ၊ မကွေးမြို့ |

၃။ ယခုတင်ဒါတွင် အောင်မြင်သော ဈေးနှုန်းများသည် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၄။ PO cheque မူရင်းအား ၂၂-၄-၂၀၂၄ရက်၊ ညနေ(၄:၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာ ရောင်းချခဲ့သည့်နေရာသို့ ပေးပို့ရမည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၇၉)၊ ဦးပိုင်အမှတ် ၁၂ခဲစင်း/၃၉လမ်း၊ ၈၆x၈၇လမ်းကြားရှိ ဦးထွန်းညွန့်၊ ဒေါ်ခင်ကြည် အမည်ပေါက်ဘိုးဘမြေကွက်အား၊ တရားလို ဒေါ်အုန်းအုန်းက တရားပြိုင် ဦးအောင်ထွန်းနိုင်၊ ဒေါ်မေလွင်ထွန်း၊ ဒေါ်ဥမ္မာထွန်း၊ ဦးအောင်ဇော်ထွန်း၊ ဒေါ်အေးသန္တာ (စိတ်ပေ့ါသွပ်သူ၎င်း၏ အုပ်ထိန်းသူ ဒေါ်မေလွင်ထွန်း)တို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၄၀၈/၂၀၁၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်အုန်းအုန်း ၉/မရတ(နိုင်)၀၄၂၆၉၈ က အရောင်းအဝယ်အမွေဆက်၊ စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးထားသော်လည်း စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲအသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ဘိုးဘအမည်ပေါက်မြေပုံ၊ တရားရုံးအမိန့်တို့တင်ပြ၍ ၁-ကစာရင်းတွင် အရောင်းအဝယ်၊ အမွေဆက်၊ စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးထားခြင်းအား ပယ်ဖျက်ပေးပါရန်နှင့်တရားရုံးအမိန့်ဖြင့် ခဲစင်းပြ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/16962 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမော်မော်ဆွေ ၅/ဒပယ(နိုင်)၀၈၄၇၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9552 KMT LIGHT TRUCK (KMT-01) PICKUP(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလှမောင် ၉/ပသက(နိုင်)၀၄၀၅၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## မွေးနေ့သက္ကရာဇ်အမှန်

သဃ်န်းကျွန်းမြို့နယ်၊ (၂၉) ရပ်ကွက်နေ ကျွန်မ ဒေါ်သီရိကြာညို ၇/သကန(နိုင်)၀၀၀၃၅၉ ၊ ဦးကြာညိုချစ်ဖေနှင့် ဒေါ်နွယ်နွယ်ထွန်း တို့သမီး၏ မွေးနေ့သက္ကရာဇ်အမှန်မှာ တစ်ထောင့်ကိုးရာ ခုနစ်ဆယ့်ငါးခုနှစ်၊ ဒီဇင်ဘာလ၊ တစ်ဆယ့်ကိုးရက် (၁၉-၁၂-၁၉၇၅)ရက် ဖြစ်ပါကြောင်း။

**ဒေါ်သီရိကြာညို**

## အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငရုတ်ကောင်းမြို့၊ အမှတ် (၂) ရပ်ကွက်နေ ဦးစည်သူရှိန် ၁၄/ငပတ(နိုင်)၁၇၄၈၅၈ - ဒေါ်စုဒါလီအောင် ၁၄/ငရက(နိုင်)၀၀၄၇၆၉တို့၏သမီး မမေဆည်းဆာအား ယနေ့မှစ၍ မြတ်မိုမိုဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မြတ်မိုမိုဇင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ် (၄၇)၊ မြေဧရိယာ (၀ဒသမ၁၂၇)ဧကရှိ မြေကွက်အား ဦးဖိုးတုတ်၊ ဦးကျော်မြင့်၊ ဦးကျော်လှ၊ ဦးကျော်ဇင်၊ ဒေါ်ကြည်ကြည်အေးတို့၏ အမည်မှ ဦးဖိုးတုတ် ၁/ဗမန(နိုင်)၀၃၈၂၁၃ အမည်ဖြင့်သက်တမ်းတွင်း အမည်နုတ်ပယ်(အမည်ပြောင်း) မြေငှားဂရန်လျှောက်ထားသဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၃-က၊ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ် B5 (၄၃) က၊ ဧရိယာ(၀ဒသမ၀၇၃)ဧကရှိ မြေအား အမှုတွဲအမှတ် ၂၁၀ V ၂၀၁၂-၂၀၁၃ အရ (၅-၃-၂၀၁၄)မှ (၄-၃-၂၀၂၄) ထိ ဦးတင်နိုင်ဝင်း အမည်ဖြင့် (၁၀)နှစ်မြေငှားစာချုပ်ရရှိထားသည့် မြေကို ဒေါ်ဌေးဌေးယဉ် အမည်ဖြင့် မြေငှားစာချုပ် (အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | Lot No |
|---|---|---|
| လွိုင်ကော်မြို့၊ ဒေါဥခူရပ်ကွက် ဝန်ထမ်းအိမ်ရာဝင်း | (၄)ခန်းတွဲ(၅)ထပ်(Roll Type) (၁၀၂' x ၂၉.၅')RC ဝန်ထမ်းအိမ်ရာ(၂)လုံး တည်ဆောက်ခြင်း (၅၀%) | (1) |

၂။ တင်ဒါလျှောက်လွှာ

(က) **စတင်ရောင်းချမည့်ရက်နေ့** - ၁၁ - ၄ -၂၀၂၄ ရက် (ကြာသပတေးနေ့)ရုံးချိန်တွင်း

(ခ) **ရောင်းချမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး (တွဲဖက်)မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ တောင်ကြီးမြို့၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေး ဦးစီးဌာန၊ လွိုင်ကော်မြို့၊

(ဂ) **အရောင်းပိတ်မည့်ရက်နေ့/အချိန်** - ၂၄ - ၄ -၂၀၂၄ (ဗုဒ္ဓဟူးနေ့) (၁၄၀၀)နာရီ

(ဃ) **နောက်ဆုံးတင်သွင်းရမည့်ရက်နေ့အချိန်** - ၂၆ - ၄ -၂၀၂၄ ( သောကြာနေ့) (၁၄၀၀)နာရီတိတိ

၃။ တင်ဒါဖွင့်မည့်ရက်နေ့နှင့်နေရာအား ထပ်မံထုတ်ပြန်ကြေညာသွားပါမည်။

၄။ တင်ဒါလျှောက်လွှာများအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း (၈၉-၄၃၁၃၀၈၅၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ၀.၁၃၇ဧကရှိ မြေကွက်အမှတ် (ပ-၂၀၀၁၃ )ကို အမည်ပေါက် ဒေါ်ခင်လေးမြင့် (ဘ)ဦးစိုင်းထွန်းမောင် ၁၂/မဂဒ(နိုင်)၀၀၇၄၅၆ မှ ဒေါ်မြင့်မြင့်ကြည် (ဘ)ဦးအောင်မြင့် ၁၂/မဘန(နိုင်)၀၀၂၀၆၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၃-ထန်းတော)၊ ဦးပိုင်အမှတ်(ယခင် ၅-ခ)၊ ယခု(၁၈၆)၊ ဧရိယာ(၀ဒသမ၂၃၀)ဧကရှိ မြေအား အမှုတွဲအမှတ် ၁၀/၁၉၉၄ အရ (၂၄-၁-၁၉၉၄မှ ၂၃-၁-၂၀၂၄)ထိ ဒေါ်တင်ဥ အမည်ဖြင့် နှစ်(၃၀)ချထားပေးခဲ့ပြီး အမှုတွဲအမှတ် ၃၈ V ၄း ၂၀၁၈-၂၀၁၉ အရ ဒေါ်မော်မော်(ခ)ဒေါ်အေး အမည်သို့ (၁၂-၁၁-၂၀၁၈)ရက်မှစ၍ အမည်ပြောင်းချထားပေးခဲ့ရာ ဒေါ်မော်မော်(ခ)ဒေါ်အေးမှ မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက် ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန
## တည်ဆောက်ရေး(၄)၊လမ်းအထူးအဖွဲ့(၂၄)
## တင်ဒါအမှတ်စဉ် (၁/၂၀၂၄-၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့ (၂၄)၊ မြိတ်မြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုမည့် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာ၍ ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** - ၉-၅-၂၀၂၄ ရက် (ကြာသပတေးနေ့)

**တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၂၃-၅-၂၀၂၄ ရက် (ကြာသပတေးနေ့) မွန်းတည့် (၁၂:၀၀)နာရီ

**တင်ဒါဖွင့်မည့်နေ့ရက်/အချိန်** - ၂၄-၅-၂၀၂၄ ရက် (သောကြာနေ့) နံနက် ( ၉:၀၀ )နာရီ

**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းမျဉ်း၊ စည်းကမ်းများ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၂၄)၊ မြိတ်မြို့၊ ဒုတိယညွှန်ကြားရေးမှူး( မြို့ပြရုံး ဖုန်း-၀၉-၄၄၂၀၇၃၄၈၈၊ ၀၉-၄၂၀၇၁၇၈၂၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၂၄) မြိတ်မြို့**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီး
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်(ဧပြီလမှ မတ်လအထိ) ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၂၄-၄-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက်(၀၉:၃၀)နာရီမှ ၉-၅-၂၀၂၄ရက် (ကြာသပတေးနေ့) ညနေ(၁၆:၃၀)နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန်** -၁၃-၅-၂၀၂၄ရက် (တနင်္လာနေ့)၊ နံနက်(၀၉:၃၀)နာရီမှ ညနေ (၁၆:၃၀)နာရီအထိ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၅-၂၀၂၄ရက်(အင်္ဂါနေ့)၊ နံနက်(၀၉:၃၀)နာရီ

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊အောင်မေတ္တာ(ဃ) ရပ်ကွက်၊ ဘိုးရတနာဇက်ဆိပ်လမ်း၊ မကွေးမြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၆၃-၂၈၇၂၇နှင့် ၀၆၃-၂၈၃၆၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက်၊ မဟာသီရိလမ်း၊ အမှတ် (၃၄)နေ ဦးကြည်ဝင်း၏သား မောင်သူရအောင် ၁၀/မလမ(နိုင်)၂၃၅၂၄၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၈၈၇၈၂၂

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၀၉၀)၊ ဧရိယာ(၀.၀၈၂ဧကရှိ ဒေါ်စိန်မြင့် (ဘ)ဦးအေး ၉/လဝန(နိုင်)၁၀၉၅၇၂အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူမှ မြေကွက်(ယာယီ)မြေနေရာချထားခြင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ဆောက်လုပ်ရေး မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လို ပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီ)များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

**ဆောင်ရွက်မည့်လုပ်ငန်းများ**

(၁) Dormitory (၆)ထပ်ဆောင်တွင် Transformer(၁)လုံး တပ်ဆင်ခြင်းလုပ်ငန်း
(၁) 11/0.4KV,(400KVA)substation, (၂)15KV, SAC CABLE 110 M for H.T line, (၃) 1KV, XLPE, PVC,CU 1C X 300mmsq(for 400V underground mail cable) (၄) 1KV, XLPE, PVC,CU 1C X 150mmsq(for 400 V feeder cable)

(၂) Dormitory (၆)ထပ်ဆောင် ဆောက်လုပ်ခြင်း (နောက်ဆက်တွဲလုပ်ငန်း)

(က) **မြို့ပြလုပ်ငန်း**

(၁) Central Portion ရှိသန့်စင်ခန်း(၈၀)ခန်းတွင် မျက်နှာကျက် (T bar frame နှင့် ရေစိုခံ Gypsum board) တပ်ဆင်ခြင်း လုပ်ငန်း(၁၉၈၀ စ/ပေ နှင့် သန့်စင်ခန်း (၄၀)ခန်းရှိ ရေဆိုး ပိုက်များကို အမျိုးအစားကောင်းသော ရေစိုခံသော Composite sheet နှင့် aluminium frame ဖြင့်ကာရံခြင်း လုပ်ငန်း(၁၁၄၀ စ/ပေ)

(၂) အဆောက်အအုံရှေ့ မျက်နှာစာကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၁၂၀ပေ x ၂၆ပေ x ၀.၅ပေ)

(ခ) **လျှပ်စစ်လုပ်ငန်း**

(၁) မီးသတ်လှေကား(၂)စင်းတွင် လျှပ်စစ်မီးတပ်ဆင်ခြင်းနှင့် အဝင်ဂိတ်တိုင်(၄)ခုတွင် လျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်း

(၃) တက္ကသိုလ်ပရဝုဏ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေမြောင်းပြုပြင်ခြင်း
(၁) ကျောင်းအဝင်လမ်း(၇၈၀၀ စ/ပေ)၊ (၂)ပထမနှစ်သင်ကြားရေးဌာနအဆောင်ရှေ့ (၅၄၂၀၀ စ/ပေ) (၃) ရွှေရတုဆောင်ရှေ့(၁၆၃၈၀ စ/ပေ)၊ (၄) စာကြည့်တိုက်ရှေ့ (၂၂၃၀၀ စ/ပေ) (၅) ရွှေရတုဆောင်ရှေ့ ကားပါကင် (၂၀၀၀ စ/ပေ)၊ (၆)စာကြည့်တိုက်ဘေး ကားပါကင်(၄၉၆၀ စ/ပေ) (၇) ရေမြောင်းအသစ်ပြုလုပ်ခြင်း (၉၀၀ Rft)

(၄) ဥက္ကလာဆောင်(ကျောင်းသားများအဆောင်) ထမင်းစားခန်းမ (၅၇' x ၁၂၀')၊ စကြံ်နှင့်လမ်းနှင့် စတိုဆောင် (၂၀'၅"x၃၁') အကြီးစား ပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(အမိုး၊ မျက်နှာကျက်၊ ရေဆင်းပိုက်၊ ရေတလျှောက်၊ ပြတင်းတံခါးများပြန်လည် ပြုပြင်တပ်ဆင်ခြင်း၊ နံရံများ ဆေးသုတ်ခြင်း၊ ရေလိုင်း၊ မီးလိုင်းများပြုပြင်ခြင်း)

(၅) မြောက်ဥက္ကလာပဆေးရုံဝင်းအတွင်းရှိ စာသင်ဆောင်(၁) အကြီးစားပြုပြင် ခြင်းလုပ်ငန်း
(အလျား ၇၀'xအနံ ၆၀' x အမြင့် ၂၀')
(အမိုး၊ ဒိုင်း၊ အမိုးမျက်နှာကျက်၊ ပြတင်းတံခါး၊ ကြမ်းခင်းကြွေပြားများ ပြန်လည် ပြုလုပ်တပ်ဆင်ခြင်း၊ Apron & Drain များပြုလုပ်ခြင်း)

(၆) မြောက်ဥက္ကလာပဆေးရုံဝင်းအတွင်းရှိ စာသင်ဆောင်(၁၀) အမိုး(ဒိုင်း၊ လေး၊ မျှား) မျက်နှာကျက် ရေတံလျှောက်နှင့် ရေဆင်းပိုက်များ အသစ် လဲလှယ်ခြင်းလုပ်ငန်း( အလျား ၈၃' x အနံ ၇၀')

(၇) မြက်ခင်းတုဘောလုံးကွင်းတည်ဆောက်ခြင်းလုပ်ငန်း (၁၃၅'x၁၂၅')

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၄-၂၀၂၄ရက်

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၅-၂၀၂၄ရက် ညနေ ၄နာရီ

**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အမှတ်(၆၇၇-၇၀၉)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၉၆၉၂၁၅၁၊ ၀၁-၉၆၉၂၁၅၂ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/မြောက်)ရပ်ကွက်၊ ရတနာပုံ(၂)လမ်း၊ အမှတ်(၁၈၆/က+ ၁၈၇/ခ)၊ (၂) ခန်းတွဲ RC (၆)ထပ် တိုက်ခန်းအဆောက်အအုံ၏ မြေညီထပ်(ထပ်ခိုးပါ) (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်း) အခန်း၊ ဧရိယာများ-မြေညီထပ်ဧရိယာ(၁၀၂၆)စတုရန်းပေ+ထပ်ခိုးဧရိယာ(၄၉၄) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအုန်းသီဟလွင် (၆/ထဝန(နိုင်) ၀၇၆၂၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသင်းအောင် (၁၂/ဒဂမ(နိုင်)၀၂၁၁၀၀)၊ ဒေါ်ခိုင်ခိုင်ဇော်(၁၂/ဒဂမ(နိုင်) ၀၂၁၀၆၁)၊ ဦးဩသိန်းထိုက် (၁၂/ရကန(နိုင်)၀၇၈၅၆၄)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသင်းအောင်၊ ဒေါ်ခိုင်ခိုင်ဇော်၊ ဦးဩသိန်းထိုက်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B.D.B.L,D.I.L,D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊မဟာမြင့်မိုရ်လမ်း၊ဆရာစံတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ Ph – 09 765602290**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပိတောက်ဥယျာဉ်အိမ်ရာစီမံကိန်းအတွင်းရှိ အိမ်ရာအမှတ်(PV–155) မြေဧရိယာ(၂၄၀၀)စတုရန်းပေကျယ်ဝန်းသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ ဧရိယာ(၂၅၅၂)စတုရန်းပေရှိ လုံးချင်းအိမ်အပါအဝင် ယင်းတို့နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစောလွင်မြင့် ၈/မကန(နိုင်) ၁၆၈၂၉၆က အကျိုးခံစား ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ဇော်မျိုး ၁၂/အစန(နိုင်)၂၀၁၅၁၃နှင့်ဒေါ်စိမ်းလဲ့ဝေမြင့် ၈/ပခက(နိုင်)၂၂၄၈၉၂ တို့ က အပြီးအပိုင်ဝယ်ယူရန် အတွက် အရောင်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း၊ အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ရဲမြင့်LL.B,DBL,DIL,DIPL တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၅၃)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ မ. ဝ. တလမ်းဆုံးမြို့နယ်တရားရုံးအနီး၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း– ၀၉- ၄၂၀၀၄၉၆၁၅၊ ၀၉-၇၉၅၉၇၄၉၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/3570 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းဝင်း ၁၀/မလမ(နိုင်)၂၁၂၈၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၁၉၄၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးသက်တင် ၁၀/မလမ(နိုင်)၀၁၂၁၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းအုပ်စု၊ အထက(ခွဲ)တောင်ပေါ်ကျောင်းမှ မောင်အောင်မျိုး G-10 ၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ၅/ဟမလ (နိုင်) ၀၅၀၄၀၅ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၄-၂၀၂၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၈) ကျောက်ဆည်ခရိုင် တရားရုံးတော် ကြော်ငြာစာ ကြော်ငြာတွင် ၂၀၂၄ ခုနှစ်၊ တရားမ အထွေထွေအမှုအမှတ် -၄ အစား ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှု အမှတ်-၁၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/13704, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းဦး ၁၄/ပသန (နိုင်) ၂၁၁၅၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ် (၂) ရန်ကုန်(၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ E-Government Medical Books & Journal ဝယ်ယူလိုပါ၍ လိုင်စင်ရကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်** - ၁၁-၄-၂၀၂၄ရက်
**အိတ်ဖွင့်တင်ဒါ ပိတ်မည့် ရက်နှင့်အချိန်** - ၃-၅-၂၀၂၄ရက် မွန်းတည့် ၁၂နာရီ
**အိတ်ဖွင့်တင်ဒါ ရောင်းချမည့်နေရာ** - အမှတ်(၆၇၇-၇၀၉)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း- ၀၁-၉၆၉၂၁၅၁၊ ၀၁-၉၆၉၂၁၅၂သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်
## တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအတွက် အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

- ပညာအလင်းရောင်ဆောင်ပြုပြင်မွမ်းမံခြင်း။
  (၁၂၀'x၄၀' x၄၅') (နံရံများဆေးသုတ်ခြင်း၊ သံပန်းတပ်ဆင်ခြင်း၊ ကြွေပြားခင်းခြင်းနှင့် နံရံကပ်ပန်ကာများတပ်ဆင်ခြင်း)

၂။(က) **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - (၂၃-၄-၂၀၂၄)(အင်္ဂါနေ့)ရုံးချိန်အတွင်း
(ခ) **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၆-၅-၂၀၂၄)(တနင်္လာနေ့)၊ ညနေ(၄)နာရီ
(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ထပ်မံကြေညာပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်-အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း(၁)ဂိတ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး သိရှိလိုသည်များစုံစမ်းလိုပါက(၀၉-၄၃၁၇၆၅၈၂၊ ၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၄၊၀၁-၆၄၅၇၄၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## စက်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်တွင် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါ၍ အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

၂။ **ရောင်းချမည့်တင်ဒါပစ္စည်းများ**
(၁) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ
(၂) လျှပ်စစ်သုံး(Work)ပစ္စည်းများ
(၃) လျှပ်စစ်သုံး(Office)ပစ္စည်းများ
(၄) ရုံးသုံးစက်ကိရိယာများ
(၅) အရပ်ရပ်သုံးပစ္စည်းများ
(၆) အခြား ( Medical book and Journal)

၃။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပုံစံ စတင်ရောင်းချမည့်ရက်** - (၂၃-၄-၂၀၂၄) (အင်္ဂါနေ့) ရုံးချိန်အတွင်း
(ခ) **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၆-၅-၂၀၂၄) (တနင်္လာနေ့)၊ ညနေ(၄)နာရီ
(ဂ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ထပ်မံကြေညာပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့် လိပ်စာမှာဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း(၁)ဂိတ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး သိရှိလိုသည်များ စုံစမ်းလိုပါက ( ၀၉-၄၃၁၇၆၅၈၂၊ ၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၄၊ ၀၁-၆၄၅၇၄၅ ) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၂၄/၃(စ-၁)၊ဧရိယာ(၀ဒသမ၀၉၁)ဧက၊ မြေအမျိုးအစား-မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၂)၊ ရိပ်သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင်များဖြစ်သည့်(၁) ဒေါ်စောမြ ၁၂/ပဘတ(နိုင်) ၀၁၅၅၄၈၊ (၂)ဦးထွန်းထွန်းဟန် ၁၂/ပဘတ(နိုင်) ၀၁၈၁၂၇၊ (၃) ဒေါ်ဝင်းမာဟန် (ခ) မစန်းစန်း ၁၂/ပဘတ(နိုင်) ၀၁၈၁၂၈၊ (၄) ဦးဇေယျာလွင် ၁၂/ကမရ(နိုင်) ၀၅၇၉၈၉တို့က မိမိ တို့ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ် မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပင်းယ(၁၄)လမ်း၊ မြေကွက်အမှတ် (၃၉၉)၊ အကျယ်အဝန်း (၁၀ ပေx ၆၀ပေ)ရှိ ဦးမောင်ထွန်း ၁၂/ဥကတ(နိုင်) ၀၇၈၇၃၉ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် (မိတ္တူခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဦးခင်မောင်လှ (ဘ)ဦးသာဟန် ၁၂/ဥကတ (နိုင်) ၁၇၃၆၈၇မှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပြီး ယနေ့အချိန်ထိ လည်း မိမိသာလျှင် လက်ဝယ်လက်ရှိ နေထိုင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

## အမွေစားအမွေခံ ကိတ္တိမသားအဖြစ် မွေးစားခြင်းအား အမွေပြတ်စွန့်လွှတ်ခြင်းနှင့် အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်း စာချုပ်အား ဖျက်သိမ်းကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ ပွဲကုန်းရပ်ကွက်နေ (ဘ)ဦးအုန်းခိုင်၏သားများဖြစ် သော ကျွန်တော် ဦးစောလှိုင် (၁၂/သလန(နိုင်)၀၆၅၁၉၀)နှင့် ဦးမျိုးဝင်း (၇/ရကန(နိုင်)၀၁၄၀၁၂)တို့မှ အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်အား ဖျက်သိမ်းခြင်းနှင့် အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းအား အမွေပြတ်စွန့်လွှတ်ကြောင်း အပြီးအပိုင်ကြေညာပါသည်။

ကျွန်တော်တို့ညီအစ်ကိုသည် ရွှေကျင်မြို့နယ်၊ ဒုံဇရပ်ကျေးရွာနေ (ဘ)ဦးသိန်းထွန်း၏သား မောင်ကျော်ဝင်းထွန်း (၇/ရကန(နိုင်)၀၆၆၄၃၇)အား (၂၀၁၈ခုနှစ်၊ မတ်လ ၁၂ရက်နေ့စွဲပါ ကိတ္တိမမွေးစားစာချုပ်အမှတ် ၁/၂၀၁၈ဖြင့် ရွှေကျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်အား ချုပ်ဆိုကာ မှတ်ပုံတင်ခဲ့ပါသည်။

သို့ရာတွင် မောင်ကျော်ဝင်းထွန်းမှာ မွေးစားဖခင်များအပေါ်တွင် စာချုပ်တရားဝင်ဖြင့် မွေးစားခြင်းမပြုခင်တွင် သားသမီးကဲ့သို့ ပြုစုစောင့်ရှောက်ခဲ့ပါသော်လည်း စာချုပ်ဖြင့် တရားဝင်မွေးစားခဲ့သည့်အချိန်မှစ၍ မွေးစားဖခင် (၂)ဦးအပေါ်တွင် လူမဆန်စွာ မိုက်ရိုင်းစော်ကားခြင်းများပြုမူခဲ့သည့်အပြင် အခြားသော လူပုံအလယ်တွင် မဖော်ပြနိုင်သော အကြံအစည်များ အစရှိသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀၁၈ ခုနှစ်၊ မတ်လ ၁၂ရက်တွင် ချုပ်ဆိုမှတ်ပုံတင်ထားသော အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းစာချုပ်အား ယနေ့မှစ၍ ဖျက်သိမ်းပါကြောင်းနှင့် မောင်ကျော်ဝင်းထွန်းအားလည်း အမွေစားအမွေခံကိတ္တိမသားအဖြစ် မွေးစားခြင်းမှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အပြီးအပိုင်ကြေညာပါသည်။ ယနေ့ ဤကြေညာသည့်ရက်မှစ၍ မောင်ကျော်ဝင်းထွန်းသည် ကျေးဇူးရှင်မွေးစားဖခင် (၂)ဦး အပေါ် ထပ်မံ၍ ရိုင်းစိုင်းစော်ကားပြုမူခြင်းများပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ ပါသည်။

**ဦးစောလှိုင် ၁၂/သလန(နိုင်)၀၆၅၁၉၀**
**ဦးမျိုးဝင်း ၇/ရကန(နိုင်)၀၁၄၀၁၂**
**ပွဲကုန်းရပ်ကွက်၊ ရွှေကျင်မြို့နယ်၊ ညောင်လေးပင်ခရိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ်((၄/ဟ-၁၃-ခ)၊ (၀ဒသမ၁၇၁)ဧက၊ မြေကွက်တည်နေရာအမှတ် (၆၁၆)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ ဦးကြူဆိုင် (၁၂/ကမတ(နိုင်)၀၄၅၃၉၄) အမည်ပေါက် B-လ/န-၃၉ ရပြီး (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက်(ခင်ပွန်း)ဖြစ်သူ ဦးကြူဆိုင် သည် (၁၂-၈-၂၀၂၁)ရက်တွင် ကွယ်လွန်သွားပါသဖြင့် (ဇနီး)ဖြစ်သူ ဒေါ်စန်းစန်းထွေး(ခ)CHEE YORK LAY(၁၂/သလန(ပြု)၀၀၀၄၇၉) က မိမိသာလျှင် တရားဝင်ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ (၂၉-၁-၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေ စာရင်း၊ဦးကြူဆိုင်၏ သေစာရင်း၊ အမည်ပေါက်စာချုပ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်၊ အကွက်အမှတ် (၁၇D)၊ အကွက်အမည်၊ ပန်းခြံကုန်း၊ ဦးပိုင်အမှတ် (၉ဏ)၊ ဧရိယာ (၀.၀၁၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် (က) အရှေ့လားသော် ဦးပိုင်အမှတ် (၉ᵐ)၊ (ခ) အနောက်လားသော် စိန္တာမယလမ်း၊ (ဂ) တောင်လားသော် ဦးပိုင်အမှတ် (၉က) (ဃ) မြောက်လားသော် ဝိစာရလမ်းအထက် ဖော်ပြပါမြေကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဒေါ်စောဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက် ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ မေလ ၃ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ပဲခူးမြို့**

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ မဟာစေတီလမ်းနေ ဦးကျော်နိုင်၁၄/ဘကလ(နိုင်) ၀၀၉၆၂၀၏သား မောင်လင်းထက်အောင်သည် မိဘဆိုဆုံးမမှုကိုနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်နိုင်**
**၁၄/ဘကလ(နိုင်)၀၀၉၆၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၂၅)၊ မာတတောင်အကွက်၊ ဦးပိုင်အမှတ်(၈-ခ)၊ ဧရိယာ(၀ဒသမ၃၇၅)ဧက အတွင်းမှ ဧရိယာ(၀ဒသမ ၀၈၃)ဧကရှိ မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၁/ခ)နေ တို့ဟုန်လေး(ခ)ဦးသိန်းစိုးဦး၊ ဒေါ်အေးကလျာတို့မှ ဘိုးဘပိုင် မြေကို အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့် ရက်မှစ၍ ရက်ပေါင်း ၃၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များ နှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် ဟ-၁၁၊ ဦးပိုင်အမှတ် (၁၀)၊ ၁၁၆x၁၁၇ လမ်းကြား၊ ၆၂x၆၃ လမ်းကြားရှိ မြေကွက်အား ဦးမြင့်ဝင်းအောင် ၉/မရမ(နိုင်)၀၃၅၉၉၁ က မြေနေရာချထားမိန့်၊ ငွေရပြေစာတို့နှင့်အတူ အမှုတွဲအမှတ် ၀၀၇၇/၂၀၂၄-၂၀၂၅ ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၊ အိမ်အမှတ် (၇၂၆)၊ ထန်းတောကြီးလမ်းနေ ဦးစောဦး (ဘ) ဦးစောလှိုင် ၇/ပခန (နိုင်) ၁၀၇၄၇၂ နှင့် ဒေါ်ထားရီ (ဘ) ဦးထွန်းကြိုင် ၇/ပခန(နိုင်) ၁၀၇၄၄၀၏ သမီးကြီး ဒေါ်စန်းစန်းဦး ၇/ပခန(နိုင်)၂၅၆၉၂၁ တရားလွှတ်တော်ရှေ့နေ (စဉ် -၁၃၈၉၅) သည် ဖခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သမီးအဖြစ်မှ (၁-၄-၂၀၂၄) ရက်မှစ၍ အပြီးတိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံး၀ တာဝန်ယူဖြေရှင်းပေးမည်ဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်- ဦးစောဦး**
**၇/ပခန(နိုင်)၁၀၇၄၇၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ဆောင်ရွက်မည့်လုပ်ငန်းများ**

၁။ A ဆောင် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း (၃၀၆'x ၁၂၆'x၃၀'အမြင့်) အတွင်း/အပြင် ဆေးသုတ်ခြင်း (ရေသန့်/ လျှပ်စစ်/ပိုက်ဆက် လုပ်ငန်းအပါအဝင်)

၂။ Sound Proof Diesel Generator 60 KVA

အိတ်ဖွင့်တင်ဒါပုံစံများကို (၂၂-၄-၂၀၂၄)ရက် (တနင်္လာနေ့) မှစတင်၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး(၁၀-၅-၂၀၂၄)ရက် (သောကြာနေ့) ညနေ(၄:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၇၅၇၁၂၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ကစလ(၃)ရှိ ၁/၄၀ ချည်အား တင်ဒါအဆိုပြုလွှာများတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) ပျော်ဘွယ်

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၁-၄-၂၀၂၄ရက် (ကြာသပတေးနေ့)

တင်ဒါပိတ်ရက် - ၂၄-၄-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)

၂။ စုံစမ်းရန်- ရောင်းချဖြန့်ဖြူးရေးဌာန၊ ကစလ(၃) ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၂၀၃၊ ၀၆၇-၄၀၈၃၆၂

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်ဝေးခရိုင်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါအဆိုပြုလွှာများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါ သည်။

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - (၁၂-၄-၂၀၂၄)ရက် (၂၅-၄-၂၀၂၄)ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - (၂၆-၄-၂၀၂၄)ရက် (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန၊ လယ်ဝေးခရိုင်၊ နေပြည်တော်

၂။ တင်ဒါတင်သွင်း ဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန၊ လယ်ဝေးခရိုင်၊ ဖုန်း-၀၉-၂၆၀၀၂၅၇၇၅၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ယာဉ်/ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Dump Truck Tipper (2 Tons /5 Tons) | ၅/၇ စီး |
| (ခ) | Tank Lorry(1600 Gals)/ Vacuum Truck (800 Gals) | ၁/၃ စီး |
| (ဂ) | Dozer (25 Tons)/ Excavator (6.5 Tons) | ၂/၂ စီး |
| (ဃ) | Compactor Garbage Truck / ထွန်စက် | ၁၀/၁ စီး |
| (င) | ဘာဂီယာဉ်/ဘာဂီဘက်ထရီ(၂)မျိုး | ၃၅စီး/၁၇၄ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၄-၂၀၂၄ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၃-၅-၂၀၂၄ရက် (၁၂:၀၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေး လက်ကုန်ထုတ်လမ်း/တံတားနှင့် ကျေးလက် ရေပေးရေး လုပ်ငန်းများ အိတ်ဖွင့် တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၀-၄-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၂၉-၄-၂၀၂၄ရက် (တနင်္လာနေ့) ညနေ ၄:၃၀ နာရီ

(ဂ) **တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်** - ၃၀-၄-၂၀၂၄ရက်(အင်္ဂါနေ့) ညနေ ၄:၃၀နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၂-၅-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၉:၃၀နာရီ

(င) **တင်ဒါရှင်းလင်းပွဲ ဆောင်ရွက်မည့်ရက်** - ၂၃-၄-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ

၂။ တင်ဒါခေါ်ယူထားသည့် Lot စာရင်းများကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြော်ငြာကပ်ထားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၂၆၆၅၅၂၀၂၀၊ ၀၉-၄၄၉၈၇၁၆၅၄၊ ၀၉-၄၂၁၇၄၉၅၈၇နှင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
## တိုင်းရင်းသားရေးရာဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် 60 W LED နှင့် 115 W LED လမ်းမီးလုံးဝယ်ယူတပ်ဆင်ခြင်း (၅၀၀ လုံး)၊ Arm Roll Garbage Truck (၁)စီးဝယ်ယူခြင်း၊ (14) Tons Excavator (၁)စီးဝယ်ယူခြင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်အလှပင်များစိုက်ပျိုးခြင်း၊ ရုံး(RC(၂)ထပ်) ဆောက်လုပ်ခြင်း(၈၀'x၃၀'x၂၄')၊ နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်း၊ တံတား၊ ရေပေးရေး၊အခြားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားမှုရှိသည့် ပြည်တွင်းမြန်မာနိုင်ငံသားများကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာအား အောက်ပါအတိုင်း တင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ခန်းမ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့

(ခ) **လိပ်မူရမည့်ပုဂ္ဂိုလ်** - ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ

(ဂ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၁၁-၄-၂၀၂၄)ရက် (ရုံးချိန်အတွင်းသာ)

(ဃ) **တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - (၂၅-၄-၂၀၂၄)ရက် ညနေ ၄နာရီထိ

(င) **ရောင်းချမည့်နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ကယားပြည်နယ်ခန်းမ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့

(စ) **တင်ဒါဖွင့်မည့်နေ့ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၉-၄၂၈၀၀၄၈၄၉၊ ၀၉-၄၄၄၃၇၃၈၃၁၊ ၀၉-၄၂၈၀၀၀၆၁၈၊ ၀၉-၂၅၀၈၆၃၆၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1061 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ The Leaf Condo ဓမ္မသုခကျောင်းလမ်း၊ ဒေါ်နန်းခမ်းစက်ဟွမ် (၁၃/မနန(နိုင်)၀၁၅၈၃၈)၏ ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တပင်ရွှေထီး(၁)လမ်း၊ အိမ်အမှတ် (၃၀)၊ အလျားပေ (၂၀')xအနံပေ (၅၀')ရှိ နှစ်(၆၀) ဂရန်အိမ်ခြံမြေကို ၈-၄-၂၀၂၄ရက်တွင် ဦးတင်မြင့်ဦးထံမှ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ နှစ်(၆၀) ဂရန်အိမ်ခြံမြေ၏ ပိုင်ရှင်မှာ ဒေါ်နန်းခမ်စက်ဟွမ်သာ ပိုင်ရှင်ဖြစ်ပြီး နှစ်(၆၀) ဂရန်ခြံမြေအား ဒေါ်နန်းခမ်းစက်ဟွမ် (၁၃/မနန(နိုင်)၀၁၅၈၃၈ မသိဘဲ ရောင်းခြင်း၊ ပေါင်နှံခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၇)**
**အမှတ် (၆၇၂) မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်၊**
**ဖုန်း-၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/78765 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေး ၇/အတန(နိုင်)၀၅၈၄၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/6897, TOYOTA BELTA SCP92, S/L (4x2)Rယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မေလွင် ၁၂/ဒဂမ(နိုင်)၀၀၀၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့်ဝယ်ယူရန်ရှိပါသဖြင့်အပြိုင်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | DE/CAP (24-25)(001) | M.S Plate (ASTM -A 36) Grade | ၁၁၉၅ တန် |
| (ခ) | DE/CAP (24-25)(002) | M.S Angle (ASTM -A 36) Grade | ၈၅ တန် |
| (ဂ) | DE/CAP (24-25)(003) | M.S H. Beam (SS400 -B Grade) | ၄၅ တန် |
| (ဃ) | DE/CAP (24-25)(004) | Diesel Engine & Outboard Propulsion Unit | ၂ လုံး/ ၂စုံ |
| (င) | DE/CAP (24-25)(005) | Marine Diesel Engine & Gear Box | ၄ စုံ |
| (စ) | DE/CAP (24-25)(006) | Engine Spare Parts (Marine Engine) (MTU 12V 2000M72) | 1 Lot |

၂။ **တင်ဒါပုံစံများရောင်းချမည့်ရက်** - (၂၆-၄-၂၀၂၄)မှ( ၇-၅-၂၀၂၄)ရက်ထိ (ရုံးဖွင့်ရက်များသာ)

၃။ **တင်ဒါပုံစံရောင်းချမည့်အချိန်** - (၁၀:၀၀)မှ (၁၆:၀၀)နာရီအတွင်း

၄။ **(Technical Proposal)လက်ခံမည့်နေ့နှင့်အချိန်** - (၉-၅-၂၀၂၄)ရက် (၁၀:၀၀)မှ(၁၆:၀၀)နာရီအတွင်း

၅။ **တင်ဒါစပေါ်ငွေ(P.OCheque)ပေးသွင်းရမည့်ရက်** - (၁၃-၅-၂၀၂၄)(၁၀:၀၀နာရီမှ ၁၅:၀၀)နာရီအတွင်း

၆။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - (၁၄-၅-၂၀၂၄) (၁၃:၀၀)နာရီ

၇။ **ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ** - ၀၁၈-၂၅၀၂၅၁၊ ၀၁၈-၃၈၄၂၅၂

၈။ **ဆက်သွယ်ရန်လိပ်စာ** - ထောက်ပံ့ရေးဌာနခွဲ၊ စီမံရေးရာဌာန၊ အမှတ်(၅၀)ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရန်ကုန်

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် ဖြန့်ဝေရန် မီးဖိုချောင်သုံးပစ္စည်းများ၊ အမျိုးသားနှင့် အမျိုးသမီးသုံး တစ်ကိုယ်ရည်သုံးပစ္စည်းများ၊ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာပံ့ပိုးခြင်းအိတ်၊ စောင်နှင့် ဆိုလာမီးအိမ်များ ဝယ်ယူရန်အတွက် ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ ထုတ်ယူရမည့် နေ့ရက်နှင့်အချိန်** - ၁၀-၄-၂၀၂၄ (ရုံးချိန်အတွင်း)

**တင်ဒါပုံစံများ နောက်ဆုံး ထုတ်ယူနေ့ရက်နှင့်အချိန်** - ၂၆-၄-၂၀၂၄ (ရုံးချိန်အတွင်း)

**တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၃-၅-၂၀၂၄ (ရုံးချိန်အတွင်း)

**တင်ဒါပုံစံများ ထုတ်ယူ ရမည့်နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်(၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဦးသန်းဇော်၊ ဒုတိယ ညွှန်ကြားရေးမှူး ဖုန်းနံပါတ် - ၀၁ ၈၃၉၂၈-၃၀ (လိုင်းခွဲ-၁၁၉) ၀၉ -၉၆၅၄ ၆၅ ၁၃၆ Email: mrcslogistics@redcross.org.mm

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကယားပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပြည်နယ်ရုံး ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း၊ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၁၁-၄-၂၀၂၄ ) မှ ( ၂၄-၄-၂၀၂၄ ) ရက်နေ့ထိ(ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာတင်သွင်း ရမည့်ရက် / အချိန်** - (၂၅-၄-၂၀၂၄) (၀၉:၃၀ မှ ၁၆:၃၀ )နာရီထိ

(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး

(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ပြည်နယ်ခန်းမ၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၂။ အသေးစိတ် အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ ရုံးဖုန်းနံပါတ် ၀၉-၄၂၈၀၀၅၈၈၁၊ ၀၉-၂၆၂၂၅၄၀၇၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန် ကုန် တိုင်း ဒေ သ ကြီး၊ မင်္ဂလာဒုံမြို့နယ်နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၁/မအန(နိုင်)၀၂၄၁၄၄ ကိုင်ဆောင်သူ ဒေါ်ဝါဝါခိုင်၏ မိခင် ဒေါ်လှရွှေနှင့် ဒေါ်မလှရွှေမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်းခြင်း

အမှတ် (၃၅၈)၊ ဇေကမ္ဘာ (၁၁) လမ်း၊ ပတ်လမ်းမင်္ဂလာဒုံစက်မှုဇုန်နေ ဦးကျော်မြင့်-ဒေါ်ဇင်မျိုးထွန်း တို့၏သမီး သံလွင်ကျောင်း G-I တွင် ပညာသင်ကြားနေသော မဆုလဲ့ဖြူစင်(ခ)ချင်းချင်းအား ယနေ့မှစ၍ မဆုလာဘ်ဖြူစင်(ခ)ချင်းချင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

